ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ သောကြာနေ့၊ (9-9-2005)(၄၇၁၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တာဂျစ်ကစ္စတန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၅ခုနှစ် စက်တင်ဘာလ ၉ရက်နေ့တွင် ကျရောက်သည့် တာဂျစ်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တာဂျစ်ကစ္စတန်သမ္မတနိုင်ငံသမ္မတ မစ္စတာ အီမာမာလီ ရာရီပိုဗစ်(ချ်)ရာမိုနော့(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အင်ဒိုနီးရှားပိုင်လေယာဉ်ပျက်ကျခဲ့သည့်အတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆူမာတြားကျွန်းမြောက်ပိုင်းရှိ မီဒန်မြို့၌ အင်ဒိုနီးရှားပိုင်လေယာဉ် တစ်စင်းပျက်ကျခဲ့သဖြင့် လူအများအပြားသေကျေပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အိပ်ချ် ဆူဆီလိုဘန်ဘန် ယူဒိုယိုနိုထံသို့ စာနာထောက်ထား ဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး
အင်ဒိုနီးရှားပိုင်လေယာဉ်ပျက်ကျခဲ့သည့်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လွန်ခဲ့သောရက်အနည်းငယ်အတွင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆူမာတြားကျွန်းမြောက်ပိုင်းရှိ မီဒန်မြို့၌ အင်ဒိုနီးရှားပိုင် လေယာဉ်တစ်စင်းပျက်ကျခဲ့သဖြင့် လူအများအပြားသေကျေပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ယူစွပ်ကာလာထံသို့ စာနာထောက်ထား ဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

နိုင်ငံသားတိုင်း စာတတ်မြောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစဉ်တစိုက်ကြိုးပမ်းခဲ့ ၂၀၀၅ခုနှစ် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၁ ရာခိုင်နှုန်းဖြစ်လာ စာတတ်မြောက်မှု တည်တံ့ဖွံ့ဖြိုးစေရန် စာပတ်ရှုနိုင်မြှင့်တင်ရေးအစီအစဉ်များ ဆက်တိုက်ဆောင်ရွက် ဝင်ငွေတိုးအစီအစဉ်များနှင့် ဘဝသာယာရေးအစီအစဉ်များကိုလည်း စနစ်တကျ စီစဉ်ဆောင်ရွက်ပေး

ရန်ကုန် စက်တင်ဘာ ၈

၂၀၀၅ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၉-၉-၂၀၀၅
(သောကြာနေ့)

ဒို့တာဝန်အရေးသုံးပါး အလေးထားခံယူ လက်တွေ့နယ်ပယ်၌ ပေါင်းစပ်အကောင်အထည်ဖော်

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးဖြစ်သည်။ ယင်းသို့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံး၏ စုစည်းညီညွတ်သော စည်းလုံးမှုအား၊ တူညီသောရည်မှန်းချက်များဖြင့်သာ တည်ဆောက်သွားနိုင်မည် ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် အစိတ်အပိုင်းတစ်ခုအဖြစ် လက်တွေ့ပါဝင်လှုပ်ရှား ဆောင်ရွက်လျက်ရှိသည်။ အသင်းကြီးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်အကောင်အထည်ဖော်ရာ၌ ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက်ပါဝင်ကြိုးပမ်း ဖော်ဆောင်လျက်ရှိရာ အသင်းဝင်များ၏ အရည်အချင်း၊ အရည်အသွေး မြင့်မားနေစေရန် ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင် မြှင့်တင်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ် (၉) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာလ ၇ ရက်နေ့က မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **ဒို့တာဝန်အရေးသုံးပါးကိုခံယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ သင်တန်းမှရရှိသော အတွေးအမြင်ကောင်း၊ အခြေခံကောင်းများကို မိမိထမ်းဆောင်ရမည့် လက်တွေ့နယ်ပယ်၌ အသိနှင့်ယှဉ်ပြီး အကျိုးရှိရှိ၊ မှန်မှန်ကန်ကန် ပေါင်းစပ်အကောင်အထည်ဖော်နိုင်အောင် ကြိုးစားပေးကြပါ**ဟူ၍ တိုက်တွန်းမှာကြားသွားသည်။

အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းတွင် တာဝန်ယူကြမည့် ယနေ့မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြည်ထောင်စုကြီး၏ တန်ဖိုး၊ နိုင်ငံတော် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၏တန်ဖိုး၊ လွတ်လပ်ရေး၏ တန်ဖိုး၊ မျိုးချစ်စိတ်ဓာတ် အရင်းခံသော ပြည်ထောင်စုစိတ်ဓာတ်၏ တန်ဖိုးတို့ကို ကောင်းစွာသိရှိပြီး ပြည်ထောင်စုကြီး ထာဝစဉ် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ကာကွယ်တည်ဆောက်သွားကြရမည်ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်ကို ကာကွယ်တည်ဆောက်ရာတွင် ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်များနှင့် နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသည့် အမျိုးသားရေးမူဝါဒ၊ နိုင်ငံရေးလုပ်ငန်းစဉ်များနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက လူငယ်များအား အရည်အချင်းပြည့်ဝပြီး ခံယူချက်မြင့်မားသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာရေးအတွက် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်၍ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် နိုင်ငံတကာရေးရာဘာသာရပ်များကို ဆွေးနွေးပို့ချပေးခဲ့ရာ နိုင်ငံတော်၏ ပကတိဖြစ်စဉ်များနှင့် နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်များကို အတိုင်းအတာတစ်ရပ်အထိ ဆက်စပ်လေ့လာ သုံးသပ်နိုင်ခွင့် ရရှိခဲ့ကြပြီဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ် လူငယ်များအနေဖြင့် နိုင်ငံတော်က စနစ်တကျ ပျိုးထောင်လေ့ကျင့်ပေးမှုများနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ဖော်ဆောင်ရာ၌ ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် အလေးထားခံယူပြီး သင်တန်းမှရရှိလာသော အတွေးအမြင်ကောင်း၊ အခြေခံကောင်းများကို လက်တွေ့နယ်ပယ်၌ ပေါင်းစပ်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

တွဲဖက်အကျိုးတော်ဆောင် ရွှေတောင်ဆရာတော် ကိုးပါးသီလချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယက နဝင်္ဂဥပေါသထကိုးပါးသီလတရားတော်မြတ်ကို ၁၃၆၇ ခုနှစ် တော်သလင်းလဆန်း ၈ရက်၊ စက်တင်ဘာ ၁၀ရက် (စနေနေ့)တွင် မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များအပြီး၌ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်၍ ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးစည်းဝေး

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးနှင့် နွေစပါး၊ ဆောင်းသီးနှံများ စိုက်ပျိုးရေးညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၇ရက် ညနေ ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းပိုမိုအောင်မြင်စွာဖြင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရေးအတွက် ယခင်ဇုန် ငါးဇုန်အစား ဇုန်လေးဇုန်အဖြစ် ပြင်ဆင်သတ်မှတ်ထားပြီးဖြစ်ရာ တာဝန်ရှိသူများအပိုင်းက မိမိသက်ဆိုင်ရာ ကဏ္ဍအလိုက် ညှိနှိုင်းပေါင်းစပ်၍ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဇုန်(၁)တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ဇုန်(၂) တာဝန်ခံ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဇုန်(၄) တာဝန်ခံ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇုန်(၃)တာဝန်ခံ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က သက်ဆိုင်ရာ ဇုန်များအလိုက် စိုက်ပျိုးမြေဧက၊ မိုးစပါး စိုက်ပျိုးထွက်ရှိမှု၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဟင်းသီး ဟင်းရွက်များ စိုက်ပျိုးပြီးစီးမှု၊ နွေစပါးစိုက်ပျိုးရန် လျာထားမှု အခြေအနေ၊ ဆောင်းသီးနှံများ စိုက်ပျိုးရန်လျာထားမှု အခြေအနေ၊ စိုက်ပျိုးရေရရှိရန် စီမံဆောင်ရွက်လျက် ရှိသည့်အခြေအနေနှင့် လျှပ်စစ်ရေတင်စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အား လိုအပ်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံကိန်းဧရိယာအတွင်း တည်ရှိသည့် မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာမြို့နယ်များအလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ နွေစပါးစိုက်ပျိုးရန် လျာထားမှု၊ နွေစပါး သတ်မှတ်ဧက အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေရရှိရန် စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်နွေစပါး ပန်းတိုင်အထွက်နှုန်း ရရှိစေရေးနှင့်စိုက်ပျိုးရေရရှိရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက စီမံကိန်းအောင်မြင်စေရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်း ကူညီ ဆောင်ရွက်သွားမည့် အခြေအနေများ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စက်တင်ဘာ ၄ ရက်က ရန်ကင်းမြို့နယ် အလက(၂) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘ၊ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ပထမတန်း ပထမဆုရ မစုမြတ်နိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဦးက ဆုချီးမြှင့်စဉ်။ (က-ပ)

အနာဂတ် အလင်းအားကောင်းသည့် အနောက်ဘက်ကမ်း ပခုက္ကူဒေသ

ဦးဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပခုက္ကူမြို့ ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာအုပ်စု မြေခဲတောင် အသေးစားရေလှောင်တမံစီမံကိန်း၏ ပင်မတမံမြေဖို့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သည့်အဖွဲ့သည် ဩဂုတ် ၁၂ ရက်တွင် ဧရာဝတီအနောက်ဘက်ကမ်း ပခုက္ကူဒေသသို့ သွားရောက်ခဲ့ပြီး ပခုက္ကူဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်း စိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးစသည့် နိုင်ငံတော်က စီမံအကောင်အထည်ဖော်နေသော လုပ်ငန်းစီမံကိန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ပခုက္ကူခရိုင်ကို ပခုက္ကူ၊ ရေစကြို၊ ပေါက်၊ မြိုင်နှင့် ဆိပ်ဖြူဟူသည့် မြို့နယ်ပေါင်း ငါးမြို့နယ်ဖြင့် ဖွဲ့စည်းထူထောင်ထားပြီး ရပ်ကွက်ပေါင်း ၃၄ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၂၀၅ ရွာ ပါဝင်သည်။ လူဦးရေ၁၃ သိန်းခွဲ ရှိသည့်အနက် ကျေးလက်ဒေသနေ လူဦးရေမှာ ၁၁ သိန်းခွဲကျော်၊ ၁၂သိန်းနီးပါးခန့်ရှိ၍ မြို့နေ လူဦးရေထက် ခြောက်ဆခန့် ပိုမိုသည်။ မကွေးတိုင်းရှိ ခရိုင်များအနက် ပခုက္ကူခရိုင်သည် မကွေးခရိုင်ပြီးလျှင် ဒုတိယ လူဦးရေအများဆုံးခရိုင်လည်း ဖြစ်သည်။

လူဦးရေက များသော်လည်း ခရိုင်အတွင်း စပါးစိုက်ဧက တစ်သိန်းပင်

ပခုက္ကူဒေသ၌ ဆောင်ရွက်နေရသော ရေရရှိရေးစီမံကိန်းများမှာ အရွယ်အစားအားဖြင့် သေးငယ်သော်လည်း ရနိုင်သမျှ ရေအရင်းအမြစ်များကိုစုစည်းအသုံးချနိုင်အောင် ကြိုးစား ခြင်းဖြင့် ဒေသဖွံ့ဖြိုးလာအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ရာ ရည်ရွယ်ချက်အားဖြင့် မွန်မြတ်ကြီးမား။ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို လက်တွေ့ဖော်ဆောင်နေခြင်းဖြစ်။

ပြည့်အောင် စိုက်နိုင်အားမရှိသဖြင့် ဆန်စပါးဖူလုံမှုအနေအထားမှာ ၃၀ ရာခိုင်နှုန်းကျော်ကျော်သာ ရှိသေးသည်။ ဒေသအတွက် ထပ်မံလိုအပ်သော ဆန်စပါးရာခိုင်နှုန်း အများစုကို ခရိုင်ပြင်ပမှပင် ဝယ်ယူစားသုံးနေရသည့် ဒေသတစ်ခုဖြစ်သည်။ အထူးသဖြင့် အနီးကပ်ဆုံး ဆက်စပ်နေသော ဂန့်ဂေါခရိုင်မှ ပိုလျှံသော ဆန်စပါးများကို မှီခိုနေရခြင်း ဖြစ်သည်။

ပခုက္ကူဒေသမှာ မိုးခေါင်ရေရှားဒေသဖြစ်သည့်အတိုင်း ပူပြင်းခြောက်သွေ့သည်။ မိုးကလည်း ပုံမှန်ရွာရိုးထုံးစံမရှိဘဲ တစ်နှစ်ပျမ်းမျှ မိုးရေချိန် ၂၅ လက်မ ခန့်သာ အများဆုံးရွာသွန်းလေ့ရှိသည်။ ယခုနှစ် မိုးရာသီ၌ ထူးထူးကဲကဲ မိုးခေါင်နေသည်။ သောက်ရေ၊ သုံးရေကလည်း လုံလောက်မှုမရှိသည့်အပြင် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းလုပ်ရန် ရေအရင်းအမြစ်ရှားပါးသကဲ့သို့ မြေပြင်အနေအထားအရ ရေကိုများများစားစား စုစည်းသိုလှောင်နိုင်သည့် အနေအထားမျိုးမရှိသဖြင့် ထုထည်ပမာဏကြီးမားသော ဆည်တမံအကြီးစား တည်ဆောက်၍ မဖြစ်နိုင်သည်မှာ ပခုက္ကူဒေသ၏ ထူးခြားသည့် ပထဝီအနေအထားဖြစ်သည်။

ထို့ကြောင့် ကျောချောင်း၊ ယောချောင်းစသည့် ချောင်းကြီးများ ဖြတ်သန်းစီးဆင်းရာဒေသဖြစ်ပါလျက် ချောင်းရေတို့ကို စိုက်ပျိုးရေးလုပ်ငန်း၌ တွင်တွင်ကျယ်ကျယ် တန်ဖိုးမြင့်တင်အသုံးချ၍ မရနိုင်သည့် သဘာဝ အကန့်အသတ် ရှိနေသည်။ သဘာဝ၏ အကန့်အသတ်ကို အလိုက်သင့်၊ အလျားသင့် နားလည်အသုံးချနိုင်ရန် ကြိုးစားရမှာဖြစ်သည်။ သဘာဝ၏ အခြေအနေပေးမှုကို အပြည့်အဝ အသုံးချနိုင်စွမ်းရှိရန် လိုအပ်သကဲ့သို့ ယင်းသဘာဝပတ်ဝန်းကျင်ကို မပျက်စီးရအောင်လည်း ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသည်။ အကြောင်းရင်းမှာ ရေရှည်တည်တံ့သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးမျိုး ဆောင်ရွက်နိုင်ရန်အတွက် သဘာဝ ပတ်ဝန်းကျင်ကောင်းကို ထိန်းသိမ်းထားနိုင်ရမှာ ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းရှိမှလည်း ဒေသဖွံ့ဖြိုးရေးကို စိတ်ရှိတိုင်း ဆောင်ရွက်နိုင်စွမ်းရှိမှာဖြစ်သည်။ အပြန်အလှန်ဆက်စပ် အမှီပြုလျက်ရှိသည်။

ထို့ကြောင့်လည်း နိုင်ငံတော်က ပခုက္ကူခရိုင်ပါဝင်သော အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ တန့်ကြည့်တောင်၊ တက်မတောင်၊ ကျောက်ဆင်တောင် စသည့် တောင်ကုန်းတောင်တန်း စိမ်းလန်းစိုပြည်ရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ ပခုက္ကူ ဒေသ၏ မြေပြင်ရေပြင်အနေအထားအရ ရှားပါးလှသော ရေအရင်းအမြစ် တို့ကို ကောက်သင်းကောက်၍ မှုးစု၊ ပဲစုဖြင့် အသေးစားရေလှောင်တမံ အငယ်များ၊ ကန်ငယ်များကို တည်ဆောက်ထူထောင်နေရသည်။ ဒေသအတွင်း စီးဆင်းသော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့မှ မြစ်ရေကို မြစ်ရေတင်စနစ်ဖြင့် အသုံးချနိုင်အောင် ကြိုးစားစီမံရသည်။ လက်တွေ့အကျိုး ဖြစ်ထွန်းနိုင်သည့် အစီအမံများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနေခြင်းဖြစ်သည်။

စီးပွားရေးတွက်သားကိုက်မှုတစ်ခုတည်းအပေါ် အခြေပြု၍မဖြစ်ဘဲ မိမိတို့ လူမျိုး၊ မိမိတို့ တိုင်းပြည် ရေရှည်ကောင်းစားရေးအတွက် မျှော်မှန်းပြီး ရင်းနှီးမြှုပ်နှံရခြင်းဖြစ်သည်။

နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက—

"မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းထဲက ပခုက္ကူ မလှိုင်၊ ဝမ်းတွင်း၊ သာစည်နဲ့ ဆားလင်းကြီးတို့ဟာ ရေရှားပါးပြီး ပူပြင်းခြောက်သွေ့နေဆဲဖြစ်တဲ့အတွက် စားရေးသောက်ရေးခက်ခဲကျပ်တည်းပြီး အခြားဒေသတွေထက် ဆင်းရဲနွမ်းပါးမှု မြင့်မားနေတယ်။ ဒီဒေသတွေအတွက် ရနိုင်သမျှ ရေအရင်းအမြစ်တွေကို ရှာဖွေဖော်ထုတ်ပြီး ရေရရှိအောင် လုပ်ပေးရမှာ ဖြစ်တယ်။ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းသွားအောင် စိုက်ပျိုးရေးနဲ့ ပေါင်းစပ်ပြီး မွေးမြူရေးလုပ်ငန်းပါ ဆောင်ရွက်ပေးသွားရမှာဖြစ်တယ်"

ဟု မကွေးတိုင်းခရီးစဉ်တစ်ခု၌ မိန့်ကြားခဲ့ပါသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် ပခုက္ကူလွင်ပြင်နှင့် မိတ္ထီလာလွင်ပြင်တို့၏ နွေရာသီမြေပြင်အခြေအနေ၊ စိုက်ပျိုးနိုင်သည့် အခြေအနေတို့ကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုလေ့လာသည်။ တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း ကွင်းဆင်းကြည့်ရှုစေသည်။ ဒေသတွင်းတည်ရှိနေသော မြေသယံဇာတနှင့် ရေသယံဇာတကို အပြည့်အဝ အသုံးချခြင်းဖြင့် ကျေးလက်ဒေသ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကို လျှော့ချပြီး လူနေမှုအဆင့် မြင့်ရမှာဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ အထက်ပါ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ ယခုအခါ ပခုက္ကူဒေသနှင့် မိတ္ထီလာဒေသတို့ကို အထူးဝိသေသပြု၍ ဒေသအလိုက် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်နေပြီဖြစ်သည်။ အပူပိုင်း အညာဒေသချင်းတူသော်လည်း ပခုက္ကူ လွင်ပြင်နှင့် မိတ္ထီလာလွင်ပြင်တို့မှာ ပထဝီမြေပြင်အနေအထားချင်း မတူညီကြပါ။

ပခုက္ကူဒေသသည် ရေအရင်းအမြစ်ရှားပါးသည့်အပြင် မြေပြင်အနေအထားအရလည်း ရေဝပ်ဧရိယာ၊ ရေလှောင်ဧရိယာ ကြီးကြီးမားမား တည်ဆောက်ဖန်တီးရန် အခြေအနေကောင်းမရှိသဖြင့် အသေးစားရေလှောင်တမံ အငယ်စားများကိုသာ ဦးစားပေး အကောင်အထည်ဖော် နေရသည်။

ထို့ကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက **"ပခုက္ကူဒေသ၌ ဆောင်ရွက်နေရသော ရေရရှိရေးစီမံကိန်းများမှာ အရွယ်အစားအားဖြင့် သေးငယ်သော်လည်း ရနိုင်သမျှ ရေအရင်းအမြစ်များကို စုစည်းအသုံးချနိုင်အောင် ကြိုးစားခြင်းဖြင့် ဒေသဖွံ့ဖြိုးလာအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ရာ ရည်ရွယ်ချက်အားဖြင့် မွန်မြတ်ကြီးမားပါကြောင်း၊ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို လက်တွေ့ဖော်ဆောင်နေခြင်း ဖြစ်ကြောင်း"** ဖြင့် ဒေသ၏ပကတိအခြေအနေအပေါ် မှီတည်၍ ဆောင်ရွက်ပေးနေရသော အသေးစား ရေရရှိရေးစီမံကိန်းများ၏ အသုံးဝင်မှု တန်ဖိုးကို ရှင်းလင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပခုက္ကူဒေသ၌ စိုက်ပျိုးရေရရှိပြီး ဝမ်းစာစပါးတိုးချဲ့စိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်မြောင်းဦးစီးဌာန၏ အစီအမံဖြင့် အသေးစားရေလှောင်တမံ ၄၇ ခု၊ ဒေသခံပြည်သူများအပိုင်းက ကျေးလက်အဆင့် ဆည်ငယ်၊ ကန်ငယ် ၂၄ ခု စုစုပေါင်း ၇၁ ခု တည်ဆောက်ရန် တိုင်းတာလျာထားခဲ့သည်။ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ဒေသခံများအပိုင်းက ကျေးလက်ဆည်ငယ်၊ ကန်ငယ် ၂၄ ခုမကတော့ဘဲ ၅၁ ခုအထိ တိုးချဲ့ရှာဖွေတည်ဆောက်ပြီးသွားပြီဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနအပိုင်းက အသေးစားရေလှောင်တမံ ၁၈ ခု တည်ဆောက်ပြီးဖြစ်၍ ၂၉ ခု တည်ဆောက်ရန် ကျန်ရှိသည်။ ညှိနှိုင်းဆွေးနွေးတင်ပြချက်များအရ ကျန်ရှိသော ဆည်တမံလုပ်ငန်း ၂၉ ခုကို ယခုနှစ်အတွင်း၌ အပြီး တည်ဆောက်သွားမှာ ဖြစ်သည်ဟု သိရှိရသည်။ လုပ်ကိုင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တွန်းတွန်းတိုက်တိုက် ပြီးနိုင်သမျှ ပြီးစီးအောင် ဆောင်ရွက်နိုင်မှသာ မိုးရွာလာသည့်အခါ ရရှိမည့် ချောင်းရေ၊ လျှိုရေတို့ကို အဆင်သင့်စုဆောင်းနိုင်မှာဖြစ်၍ စေတနာဇောဖြင့် လုပ်ကြရမှာ ဖြစ်သည်။ ရည်မှန်းထားသည့်အတိုင်း ဆည်ငယ်၊ ကန်ငယ် ၉၈ ခုစလုံး တည်ဆောက်ပြီးပါက မိုးစပါးဧက ၉၅၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်မှာလည်း ဖြစ်သည်။

ဆည်ငယ်၊ ကန်ငယ်တစ်ခုချင်း ပျမ်းမျှအကျိုးပြုနိုင်မည့် စိုက်ဧကကို တွက်ချက်ကြည့်ပါက ၉၇ ဧက ခန့်သာ ရှိသည်။ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသည့် ဆည်တမံငယ်များအနက် အများဆုံးရေပေးဝေနိုင်မည့် ဆည်တမံမှာ ဧက ၃၀၀ ကျော်၊ ၄၀၀ ခန့်သာရှိ၍ ဒေသအခြေအနေအရ ဆည်တမံ အငယ်စားများကိုသာ ဦးစားပေး တည်ဆောက်နေရခြင်းဖြစ်ကြောင်း သိသာထင်ရှားသည်။

သို့ရာတွင် အသေးစား၊ အငယ်စားတွေ ပေါင်းစည်းမိသည့်အခါ အကြီးစားကဲ့သို့ပင် တန်ဖိုးရှိသည်မှာ အမှန်ပင်ဖြစ်သည်။ စိုက်ပျိုးရေ ထိုက်သင့်သလိုရမည်။ ခြောက်သွေ့သော ပတ်ဝန်းကျင်စိမ်းစိုလာမည်။ သဘာဝကို သဘာဝအတိုင်း မပြုမပြင်ဘဲ ထားမည်ဆိုပါက အကျိုးရှိရှိ တိုးတက်လာမည်မဟုတ်သည်မှာ သေချာသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

ဖိလစ်ပိုင်နှင့်မလေးရှား ပူးတွဲစစ်ရေး လေ့ကျင့် နှစ်နိုင်ငံလေတပ် တပ်ဖွဲ့ဝင်များ ပါဝင်

မနီလာ စက်တင်ဘာ ၇

ဖိလစ်ပိုင်နှင့်မလေးရှား နှစ်နိုင်ငံလေတပ်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အင်္ဂါနေ့တွင် စတင် လိုက်ကြောင်း ဖိလစ်ပိုင်လေတပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ငါးရက်ကြာမြင့်မည့် ပူးတွဲစစ်ရေး လေ့ကျင့်မှုကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအန်ဂါ စီးတီးရှိ အက်ဒ်ဝင်း အင်ဒရူးလေတပ်စခန်းတွင် စတင်လိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှု အထိမ်းအမှတ် အခမ်းအနားသို့ နှစ်နိုင်ငံမှ စစ်ဘက်ဆိုင်ရာ အထက်တန်းအရာရှိကြီးများ တက်ရောက်ကြသည်။

လေ့ကျင့်

ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၂၀၀ ကို စေလွှတ်ပေးခဲ့ကြောင်း၊ စစ်ရေးလေ့ကျင့်မှုအရ ကယ်ဆယ်ရေးနှင့်သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လေ့ကျင့်ကြမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စေလွှတ်ပေး

ဖိလစ်ပိုင်နိုင်ငံ တာဝီတာဝီပြည်နယ်နှင့် ဆူလူးပြည်နယ်၊ မလေးရှားနိုင်ငံ ဆန့်ဒါခန်ပြည်နယ်တို့တွင် ကျင်းပသည့် စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန် မလေးရှား ဘုရင့်လေတပ်မတော်က တပ်ဖွဲ့ဝင်များနှင့် စစ်လေယာဉ်များ ပါဝင်သောလေတပ် ယူနစ်နှစ်ခုကို စေလွှတ်ပေးမည်ဖြစ်သည်။

ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့၏ ယခုပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း စတုတ္ထအကြိမ်ကျင်းပခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရေနံတင်သင်္ဘော တစ်စင်းပေါ်တွင် လုပ်သားများ လုပ်ငန်းခွင်ဝင်နေကြသည်ကို စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ ဩဂုတ်လအတွင်း ဗုံးခွဲမှုများနှင့်ပတ်သက်သူ ၂၀၀ကျော်ဖမ်းဆီး

ဒါကာ စက်တင်ဘာ ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဩဂုတ်လအတွင်းက ဖြစ်ပွားသော ဗုံးခွဲမှုများတွင် ပါဝင်သည်ဟုသင်္ကာမကင်းခံရသူ ၂၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း၊ ၎င်းတို့သည်လုံခြုံရေး တင်းကျပ်ထားသည့်ကြားကပင်တိုက်ခိုက်မှုများပိုမိုလုပ်ဆောင်လာကြကြောင်းဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားနိုင်ခြင်း ရှိမရှိ ၎င်းတို့အနေဖြင့် ခိုင်မာစွာမပြောနိုင်ကြောင်း၊ တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပွားရန်ယခုကဲ့သို့ ဖမ်းဆီးခဲ့ ခြင်းဖြစ်ကြောင်း ရဲအရာရှိများနှင့် စုံစမ်းရေးအရာရှိများ ဆွေးနွေးပွဲအပြီးတွင် ပြည်ထဲရေးဝန်ကြီးလူပူဇာမန် ဘာရာက သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဩဂုတ် ၁၇ ရက်တွင် အသေးစား ဗုံးပေါက်ကွဲမှု ၅၀၀ဖြစ်ပွားရာ ပြည်သူနှစ်ဦးသေဆုံးပြီး ၁၀၀ခန့် ဒဏ်ရာရရှိခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ မည်သူတစ်ဦး တစ်ယောက်မျှ တာဝန်ရှိသည်ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဗုံးပေါက်ကွဲရာ နေရာများတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တရားဝင်အဖွဲ့အစည်းမဟုတ်သော ဂျာမက်အူလ်မူဂျာဟီဒင်အစ္စလမ်အုပ်စု၏ လက်ကမ်းစာစောင်များကို တွေ့မြင်ခဲ့ရသည်။

ဖမ်းဆီးခံရသူများသည် ဗုံးခွဲ တိုက်ခိုက်မှုများတွင် ပါဝင်ကြောင်းနှင့် ဂျာမက်အူလ်မူဂျာဟီဒင် အဖွဲ့ဝင်များ ဖြစ်ကြောင်း ဝန်ခံခဲ့သည်ဟု ရဲအဖွဲ့က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဆီးရီးယားနှင့်အက်ဖ်အေအို စာချုပ်ချုပ်ဆို

ဒမတ်စကတ် စက်တင်ဘာ ၇

ဆီးရီးယားနိုင်ငံနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)တို့သည် သဘာဝမြေဩဇာသုံးစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဘောတူစာချုပ်တစ်ရပ်ကို တနင်္ဂနွေနေ့တွင် ချုပ်ဆိုကြကြောင်း နိုင်ငံပိုင် အက်စ်အေအင်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ခွင့်ပြုငွေ အမေရိကန်ဒေါ်လာ တစ်သန်းဖြင့် သီးပွဲနည်းကျ လုပ်ငန်းအစီအစဉ်များ ရေးဆွဲမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးအမြတ်ပိုမိုရရှိစေမည့်အပြင် ပိုမိုသန့်ရှင်းသော ပတ်ဝန်းကျင် ဖြစ်ပေါ်စေရေးကိုလည်း အထောက်အကူပြု ဖြည့်ဆည်းပေးမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နီပေါ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကျဆင်း အိန္ဒိယနိုင်ငံမှ ဝယ်ယူရန် စီစဉ်

ခတ္တမန္ဒူ စက်တင်ဘာ ၇

နီပေါနိုင်ငံသည် ဒီဇင်ဘာလမှ စတင်သည့် သုံးလတာကာလအတွက် နောက်ထပ် လိုအပ်မည့် လျှပ်စစ်ဓာတ်အားပမာဏကို အိန္ဒိယနိုင်ငံမှ ဝယ်ယူမည်ဖြစ်ကြောင်း နီပေါလျှပ်စစ်ဓာတ်အား အာဏာပိုင်အဖွဲ့ (အင်န်အီးအေ)က တနင်္လာနေ့တွင် ပြောကြားသည်။

ကျဆင်းနေ

နီပေါနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကျဆင်းနေခြင်းကြောင့် ဆောင်းဥတုကာလအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို အိန္ဒိယနိုင်ငံမှ မလွှဲမရှောင်သာ ဝယ်ယူရမည်ဖြစ်ကြောင်း နီပေါ လျှပ်စစ်ဓာတ်အား အာဏာပိုင်အဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဂျာနက်လားကာမာချာယာက ပြောကြားသည်။

နီပေါနိုင်ငံ၏ ဆောင်းဥတုကာလ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရေးအတွက် ပြည်ပမှ လျှပ်စစ်ဓာတ်အား ဝယ်ယူရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ဆွေးနွေး

နီပေါနိုင်ငံတွင် လျှပ်စစ်ဓာတ်အား စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်နေသော်လည်း ယင်းစီမံကိန်း စက်ရုံများသည် လာမည့်နှစ် အနည်းငယ် ကာလအထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ဦးမည် မဟုတ်ကြောင်း၊ အိန္ဒိယနိုင်ငံမှ လျှပ်စစ်ဓာတ်အား ဝယ်ယူရေးကိစ္စကို ဆွေးနွေးရန် နီပေါ-အိန္ဒိယ လျှပ်စစ်ဓာတ်အား လုပ်ငန်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ခေါ်ယူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားတွင် ဆင်ရိုင်းများ သောင်းကျန်း

ဂျကာတာ စက်တင်ဘာ ၇

အင်ဒိုနီးရှားနိုင်ငံ ဘန်ကူလူပြည်နယ် မူကူ-မူကူခရိုင်အတွင်းရှိ ရော်ဘာနှင့် ဆီအုန်းစိုက်ခင်းကြီးများ အတွင်းသို့ တောဆင်ရိုင်းကောင်ရေ ၅၀ တို့ ပြီးခဲ့သောရက်သတ္တပတ်က ဝင်ရောက်ဖျက်ဆီးသွားကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ဆင်ရိုင်းများ ဖျက်ဆီးသွားသော စိုက်ခင်းအကျယ်အဝန်းမှာ ဧက ၅၀၀ ခန့်ရှိသည်ဟုဆိုသည်။ ဆင်ရိုင်းများသည် ညအချိန်တွင် စိုက်ခင်းများကို ဝင်ရောက် ဖျက်ဆီးခြင်းဖြစ်ကြောင်း ပန်ဒေါင်ဆူဂူရွာသား မတ်စကူရာ၏ ပြောကြားချက်ကို အင်တာရာသတင်းဌာနက ကိုးကား၍ဖော်ပြခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်စစ်ပွဲတွင် သေဆုံးရသော ကန်တပ်ဖွဲ့ဝင်စုစုပေါင်း ၁၈၉၃ဦးရှိပြီ

ဝါရှင်တန် စက်တင်ဘာ ၇

အီရတ်စစ်ပွဲစတင်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၆ ရက်နေ့အထိ ကာလအတွင်း အီရတ်နိုင်ငံ၌ ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်းမှာ ၁၈၉၃ ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ မှတ်တမ်းများက ဖော်ပြသည်။ အမေရိကန်စစ်ဘက်က ထုတ်ပြန်သော စာရင်းတွင် တိုက်ခိုက်မှုများကြောင့် သေဆုံးရသော ဦးရေမှာ ၁၄၆၇ ဦးဖြစ်ကြောင်း သိရသည်။ ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးရသူ အရပ်သားဝန်ထမ်း ငါးဦး၏ စာရင်းလည်းပါဝင်သည်။

အေပီသတင်းဌာန၏ စုစုပေါင်းသေဆုံးတပ်ဖွဲ့ဝင်စာရင်းသည် ကန်စစ်ဘက်က ထုတ်ပြန်သောစာရင်းထက် အရေအတွက် ခုနစ်ဦး ပိုမိုများပြားသည်။

အမေရိကန်သမ္မတဘုရှ်က အီရတ်တွင် အဓိကစစ်ဆင်ရေးလုပ်ငန်းများ အဆုံးသတ်ပြီဖြစ်ကြောင်း ၂၀၀၃ခုနှစ် မေလ ၁ရက်တွင် ကြေညာချိန်နောက်ပိုင်း ဆက်လက်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၇၅၄ ဦးရှိခဲ့ပြီဖြစ်သည်။ ထိုစာရင်းတွင် ပါဝင်သူများအနက် ၁၃၅၈ဦးမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများအတွင်း သေဆုံးရခြင်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ ဗုံးခွဲတိုက်ခိုက်ခံရ နှစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၇

ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၆ ရက်က လမ်းဘေးဗုံးတစ်လုံး ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားပြီး အခြားနှစ်ဦးတို့ ဒဏ်ရာရရှိသွားကြောင်း ကန်စစ်ဘက်မှလာသော သတင်းများက ဖော်ပြသည်။ သေဆုံးသူကန်တပ်ဖွဲ့ဝင်တို့၏ မိသားစုများထံ အကြောင်းကြားဆဲဖြစ်၍ ထိုတပ်ဖွဲ့ဝင်နှစ်ဦး၏ အမည်ကို ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အစောပိုင်း တနင်္လာနေ့ကလည်း ဘဂ္ဂဒက်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၄၅၀အကွာရှိ တယ်လ်အာဖာတွင် ကန်တပ်ဖွဲ့မှ ယာဉ်တစ်စီး လမ်းဘေးဗုံးတစ်လုံး ထိမှန်ခံခဲ့ရသည်။ အခင်းဖြစ်ပွားမှုတွင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း စစ်ဘက်ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပွဲစဉ်အဖြစ် တပ်မတော်(ရေ) ဘောလုံးအသင်းနှင့် တပ်မတော်(လေ)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အားကစားသမားတစ်ဦးသည် မိမိ၏ကိုယ်ရည်ကိုယ်သွေး ထက်မြက်မြင့်မားနေအောင် စိတ်ဓာတ်ကြံ့ခိုင်စွာ လုံ့လပြုကြိုးပမ်း

❀ **ကျောဖုံးမှ**

ရှေ့ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနေ့ဖြစ်ကြောင်း၊ ဤပြိုင်ပွဲ ဖွင့်ပွဲတွင် ရဲဘော်တို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မှာကြားစရာရှိသည်များကို မှာကြားလိုကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁) နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲကို ၁၉၈၅ခုနှစ်ကတည်းကစတင်ပြီး နှစ်စဉ်ကျင်းပပေးခဲ့သည်မှာ (၂၁)ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ နှစ်စဉ်မပျက် ကျင်းပပေးနေရခြင်းမှာ–

- **တပ်မတော်ဘောလုံးအားကစားနည်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊**
- **တပ်မတော်သားများ ဘောလုံးအားကစားကို ကျယ်ပြန့်စွာကစားခြင်းဖြင့် စစ်မြေပြင်ကြံ့ခိုင်မှုကို အထောက်အကူပြုစေရန်၊**
- **တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရွေးစင်အသင်းများတွင် သွေးသစ်လောင်းနိုင်မည့် ဘောလုံးကစားသမား အင်အားသစ်များမွေးထုတ်နိုင်ရန်၊**
- **တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရွေးစင်များအဖြစ် အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ကစားခွင့်ရရှိပြီး စွမ်းရည်တိုးတက်လာသည်နှင့်အမျှ မြန်မာ့လက်ရွေးစင်ဘောလုံးကစားသမားများအဖြစ် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် နိုင်ငံတော်ကို ကိုယ်စားပြုယှဉ်ပြိုင်နိုင်ကြစေရန်**

ဆိုသည့် ရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်စေရန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် စွမ်းဆောင်ကြိုးပမ်း တည်ဆောက်လျက်ရှိရာ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည်ကို ရဲဘော်တို့အသိပင်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်၏ အမျိုးသားစွမ်းရည်များဖြစ်သည့် ပညာစွမ်းရည်၊ ဉာဏစွမ်းရည်၊ လူမှုစွမ်းရည်များ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာအောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် “တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”ဆိုသည့် ဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်ကြောင်း၊ အားကစားကဏ္ဍသည် အမျိုးသားစွမ်းရည်များဖြစ်သည့် လူမှုရေးစွမ်းရည်ထဲ၌ အကျုံးဝင်နေခြင်းကြောင့် အဓိပ္ပာယ်ရှိရှိ ချမှတ်ထားသော နိုင်ငံတော်၏ရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အားကစားကဏ္ဍကို ကြည့်မည်ဆိုလျှင် နိုင်ငံတော်အစိုးရသည် “မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်” ဆိုသည့် အားကစားရည်မှန်းချက်ကို ချမှတ်ထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အားကစားအဆင့်အတန်း တိုးတက်မြင့်မားအောင်မြင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အားကစားနယ်ပယ်တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းလိုက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့အဆင့်မီ

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာ အားကစားတိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် လေ့လာပြီး မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်မီ အားကစားသုတေသနလုပ်ငန်းများ၊ ခေတ်မီတိုးတက်သည့် အားကစားနည်းစနစ်များ၊ အထောက်အကူပစ္စည်းများနှင့် အားကစားအဆောက်အအုံကြီးများကို ငွေကြေးအမြောက်အမြားကုန်ကျခံ တည်ဆောက်ပေးခဲ့ကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းကို ဒီပလိုမာအဆင့်ပေးနိုင်သည်အထိ ဖွင့်လှစ်ပေးခဲ့သည့်အပြင် အားကစားဝန်ကြီးဌာနကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မြန်မာ့အားကစားနှင့် ကာယပညာကော်မတီ တို့ကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များ ဖွဲ့စည်းပေးပြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း။

အားကစားနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ချစ်ကြည်ရေးပြိုင်ပွဲများ ဖိတ်ခေါ်ပြိုင်ပွဲများ ပြုလုပ်ပြီး အားကစား အတွေ့အကြုံများကို ရယူစေခဲ့ကြောင်း။

ပြီးခဲ့သောအာဆီယံအသက် (၁၇) နှစ်အောက်နှင့် အသက် (၂၀)အောက်ပြိုင်ပွဲများတွင် မြန်မာလူငယ်အသင်းသည် အရှေ့တောင်အာရှတွင် ဗိုလ်စွဲခဲ့သည့်အတွက် မြန်မာ့ဘောလုံးအားကစားကဏ္ဍ ဦးမော့လာပြီဟု ပြောရမည်ဖြစ်ကြောင်း၊ အားကစားအဆင့်အတန်း မြင့်မားတိုးတက်မှုသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ အားကစားအောင်မြင်မှုသည်လည်း နိုင်ငံသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို လှစ်ဟပြနိုင်ခြင်းဖြစ်ကြောင်း၊ နိုင်ငံသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရန်အတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ဖွံ့ဖြိုးရှင်သန်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘောလုံးအားကစားသမားများဖြစ်ကြသည့် ရဲဘော်တို့အနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် နိုင်ငံ့ဂုဏ် ဆောင်အားကစားသမား အကျော်အမော်များဖြစ်အောင် မဆုတ်မနစ်လုံ့လပြုကြိုးစားသွားကြပါဟုမှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်

ယနေ့ နိုင်ငံတကာအားကစားလောကကို ကြည့်မည်ဆိုလျှင် နည်းစနစ်ပိုင်းများ လေ့ကျင့်ရေးနှင့် ယှဉ်ပြိုင်ရေးဆိုင်ရာ အားကစားပစ္စည်းကိရိယာပိုင်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသကဲ့သို့ အားကစားဆိုင်ရာစီမံခန့်ခွဲရေး၊ ဥပဒေရေးရာ၊ ဘဏ္ဍာရေး၊ အားကစားဆိုင်ရာ၊ ကျန်းမာရေး အစရှိသည့် ဝန်ဆောင်မှုကဏ္ဍများသာမက အားကစားနှင့် စီးပွားရေးဆက်စပ်မှု၊ အားကစားနှင့် မီဒီယာဆက်စပ်မှု အခန်းကဏ္ဍများတွင်ပါ အဆင့်အတန်းမြင့်မားစွာ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယင်းကဲ့သို့အခြေအနေ အချိန်အခါမျိုးတွင် မြန်မာ့အားကစားကဏ္ဍ မြှင့်တင်ရေးကို ခေတ်မီ စနစ်ကျနစွာ ထိထိရောက်ရောက် စွမ်းဆောင်နိုင်စေရန်အတွက် နိုင်ငံတကာနည်းတူ အားကစားဆိုင်ရာ စီမံခန့်ခွဲရေး၊ ဥပဒေရေးရာ၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် မီဒီယာအပိုင်းကဏ္ဍများအားလုံး၌ အထူးအလေးထားပြီး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်နေသည်ဆိုသည်ကို ပြောကြားလိုကြောင်း။

အဓိကလိုအပ်ချက်

အားကစားလောကတွင် ထူးချွန်အောင်မြင်ရန်အတွက် အဓိကလိုအပ်ချက်သည် စိတ်ဓာတ်စွမ်းရည်နှင့် စည်းကမ်းကောင်းမွန်ရေးတို့ပင်ဖြစ်ကြောင်း။

အားကစားသမားတစ်ဦး၌ စိတ်ဓာတ်ပိုင်းကြံ့ခိုင်ရန်နှင့် ကိုယ်ရည်ကိုယ်သွေး စွမ်းရည်ထက်မြက်နေရန်လိုအပ်ကြောင်း၊ ကိုယ်ရည်ကိုယ်သွေးကောင်းလျှင် ကောင်းသကဲ့သို့ စွမ်းရည် တိုးတက်မြင့်မားနိုင်ကြောင်း၊ ထို့ကြောင့် အားကစားသမားတစ်ဦးသည် မိမိ၏ကိုယ်ရည်ကိုယ်သွေး ထက်မြက်မြင့်မားနေအောင် စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် လုံ့လပြု ကြိုးပမ်းနေရမည်ဖြစ်ကြောင်း။

စည်းကမ်းပိုင်းတွင် မိမိတို့တပ်မတော်သားများအတွက် စည်းကမ်းသည် အသက်သွေးကြောသဖွယ်ဖြစ်ခြင်းကြောင့် ပိုမိုအလေးထားလိုက်နာကြရန်လိုအပ်ကြောင်း၊ အုပ်ချုပ်မှုစည်းကမ်း၊ လေ့ကျင့်မှုစည်းကမ်းနှင့် ပြိုင်ပွဲဝင်စည်းကမ်းများကို တိကျစွာလိုက်နာစောင့်ထိန်းပါမှ အားကစားသမားကောင်း ဖြစ်လာနိုင်မည်ဆိုသည်ကို အလေးထား မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- အားကစားအဆင့်အတန်း တိုးတက်အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးသည့် ဂုဏ်ဒြပ်ဖြစ်ခြင်းကြောင့် အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူကြိုးပမ်းသွားကြပါ။
- စိတ်ဓာတ်ကြံ့ခိုင်မှု၊ စွမ်းရည်ပြည့်ဝမှုနှင့် စည်းကမ်းကောင်းမွန်သည့် အားကစားသမားကောင်းဖြစ်အောင် ကြိုးပမ်းကြပါ။
- တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရွေးစင်အဖြစ်မှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ဘောလုံးအားကစားသမားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်သွားကြပါဟု

မှာကြားကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ပြိုင်ပွဲဝင် ဘောလုံးအသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တပ်မတော်(ရေ) ဘောလုံးအသင်းနှင့် တပ်မတော်(လေ)ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို နယ်ဗန်များ၌ စက်တင်ဘာ ၁၂မှ ၂၁ရက်အထိ ယှဉ်ပြိုင်ကစား ကြမည်ဖြစ်ရာ (က)အုပ်စုရတခဗန်(မော်လမြိုင်)၊ (ခ)အုပ်စု နတခဗန်(ပုသိမ်)၊ (ဂ)အုပ်စု နမခဗန်(မုံရွာ)၊ (ဃ)အုပ်စု လပခဗန်(မန္တလေး)နှင့် (င)အုပ်စု တပခဗန်(တောင်ငူ)တို့၌ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီးဦးဉာဏ်ဝင်း တာဂျစ်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၉

၂၀၀၅ခုနှစ် စက်တင်ဘာ ၉ရက်၌ ကျရောက်သော တာဂျစ်ကစ္စတန် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တာဂျစ်ကစ္စတန် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တယ်ဘက်(ခ်)နာဇာရော့(ဗ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် သထုံစာစစ်ဌာနမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား သထုံအသင်း(ရန်ကုန်)မှ ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက်က ကျင်းပရာ ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော မောင်ကောင်းထက်စံအား သထုံအသင်းဥက္ကဋ္ဌ ဦးစောလွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ရပ်စောက်မြို့နယ် ရပ်စောက်-အင်တော-တာပလန်းကားလမ်းမကြီးပေါ်ရှိ မိုင်တိုင် (၁၈) အနီး သစ်တောရေးရာဝန်ကြီးဌာန၏ သစ်တောစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး တည်ငြိမ်အေးချမ်းပြီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံကြိုးပမ်းဆောင်ရွက်နေ ကျေးလက်ဒေသများ ဖွံ့ဖြိုးမှ နိုင်ငံသားအားလုံး၏ လူမှုစီးပွားရေးဘဝ အခြေခံခိုင်မာစွာ တိုးတက်မည်ဖြစ်၍ ဦးစားပေး အကောင်အထည်ဖော်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးတပ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် စက်တင်ဘာ ၆ ရက်တွင် ရပ်စောက်မြို့နယ် ဟိုပုံး-မိုင်းပျဉ်း-ကျိုင်းခမ်း-နောင်ဝိုး-သဘာဝတံတား-နမ့်လန်-သီပေါ လမ်းပိုင်းပေါ်ရှိ ကျိုင်းခမ်းဒေသ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလမ်းကို ကြည့်ရှု စစ်ဆေးပြီး ကျိုင်းခမ်းနယ်မြေခံတပ်ရင်းမှ တပ်မတော်သားများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဗထူးတပ်မြို့မှ ရပ်စောက်-အင်တော - ကျောက်ဂူ - တာပလန်းကားလမ်းအတိုင်း လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ မိုးသီးနှံ အစေ့ထုတ်ပြောင်းများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရပ်စောက်မြို့မှ ၁၈မိုင်အကွာ ကျိုင်းခမ်းလမ်းခွဲသို့ ရောက်ရှိကြသည်။

လမ်းအဆင့်တိုးမြှင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရပ်စောက်-အင်တော - ကျောက်ဂူ - တာပလန်းလမ်းပိုင်း ကျိုင်းခမ်းလမ်းခွဲမှ ကျိုင်းခမ်းကျေးရွာအထိ ယခင် သစ်ထုတ်လုပ်ရေးလမ်းအား နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်မှုများကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

အဆိုပါ လမ်းသည် ရပ်စောက်-အင်တော-ကျောက်ဂူ-တာပလန်းလမ်းနှင့် ဟိုပုံး-မိုင်းပျဉ်း-ကျိုင်းခမ်း-နောင်ဝိုး-နောင်လုံ-သဘာဝတံတား-နမ့်လန်လမ်း နှစ်ခုအား ဆက်သွယ်ဖောက်လုပ် ထားခြင်းဖြစ်ပြီး ယခင်က သစ်ထုတ်လုပ်ရေး လမ်းအဖြစ်သာ အသုံးပြုနေခဲ့ရာမှ ယခုအခါ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာမည်

အဆိုပါ လမ်းအားဖောက်လုပ်ခြင်းဖြင့် ရပ်စောက်မြို့နယ်အတွင်းရှိ ကျိုင်းခမ်း၊ မတ်မီး၊ ဟိုနား၊ ဟိုက်ကွေ့၊ နမ့်ဖျက်၊ နောင်တောဒေသတို့မှ ဒေသခံ တိုင်းရင်းသား ပြည်သူများသည် ရပ်စောက်မြို့နယ်နှင့် အင်တောမြို့နယ်များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်ပြီး ဒေသထွက်ကုန်များကို တင်ပို့နိုင်မှာဖြစ်၍ ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်မြန်ဆန်လာကာ ကျိုင်းခမ်းပတ်ဝန်းကျင်ဒေသ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် ကျိုင်းခမ်းကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်ရင်းနှင့် ဒေသခံဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် နယ်မြေခံတပ်ရင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးမိုးဇော်က ကျိုင်းခမ်းဒေသ၏ တည်နေရာ၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နယ်မြေဒေသ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဟိုပုံး-မိုင်းပျဉ်း-ကျိုင်းခမ်း-နောင်ဝိုး-သဘာဝတံတား-နမ့်လန်-သီပေါလမ်းပိုင်းပေါ်တွင် အရှည် ၁၅ ပေ၊ ပေ ၂၀၊ ပေ ၄၀၊ ပေ ၁၈၀ ရှိ တံတားများ တည်ဆောက်ရမည့် အခြေအနေနှင့် ဒေသ၏ လိုအပ်ချက်အရ ဆက်လက်ဖောက်လုပ်ရမည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလမ်းများ အခြေအနေတို့ကိုလည်းကောင်း၊ လမ်းပိုင်းတစ်လျှောက်ရှိ မိုင်းပျဉ်း၊ လက်သဲ့၊ ကျိုင်းခမ်းဒေသ၌ မြေလွတ် မြေရိုင်းများအား စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်နိုင်မည့် စိုက်ဧကနှင့် အစီအစဉ်၊ နောင်ဝိုးအရှေ့ခြမ်းနယ်မြေတွင် စီးပွားဖြစ်ကျွန်းစိုက်ခင်းများဖော်ထုတ်စိုက်ပျိုးရန် အခွင့်အလမ်းကောင်းများ ရရှိနိုင်ကြောင်း၊ စိုက်ပျိုးလုပ်ကိုင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ လုပ်ငန်းလုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်လျက်ရှိကြောင်း။

ပြည်ထောင်စုကြီး၏နယ်မြေဒေသအစိတ်အပိုင်းများအားလုံး တည်ငြိမ်အေးချမ်းပြီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုထွန်းကား ပြန့်ပွားစေပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းခမ်းနယ်မြေခံတပ်ရင်းမှ တပ်မတော်သားများအတွက် ဂုဏ်ပြုထောက်ပံ့သည့် သက်သာပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအမျိုးမျိုးတို့ကို အကွက်ချစီမံလုပ်ဆောင်လျက်ရှိကြောင်း။

ဦးစားပေး

နိုင်ငံတော် လူဦးရေ၏ အများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးမှသာ နိုင်ငံသားအားလုံး၏ လူမှုစီးပွားရေးဘဝသည် အခြေခံခိုင်မာစွာ တိုးတက်လာမည်ဖြစ်၍ နိုင်ငံတော်အစိုးရက စေတနာအရင်းခံကာ ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ တာဝန်ပေးချက်အရ နေရာဒေသအနှံ့အပြားသို့ ရောက်ရှိ တာဝန်ထမ်းဆောင်နေကြသည့် ပြည်သူတို့၏ ရင်နှစ်သည်းချာ မိမိတို့တပ်မတော်သားများသည် မိမိတာဝန်ကျရာဒေသကို မိမိဇာတိရပ်ရွာကဲ့သို့ သဘောထားပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ဒေသအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံ မိဘပြည်သူများနှင့် အတူလက်တွဲပြီး ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု ချောမွေ့ ကောင်းမွန်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖော်ထုတ်ရယူဖြန့်ချိရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ပြသစည်းရုံးဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များ ဆက်စပ်ညှိနှိုင်း ဖြည့်ဆည်းပေးရေးတို့ကို မှာကြားသည်။

အဆိုပါ ကျိုင်းခမ်းဒေသ၌ ကျေးရွာခြောက်ရွာ တည်ရှိပြီး မတ်မီး ကျေးရွာမှ ဒေသခံတောင်သူများက လယ်စပါး၊ ယာစပါး၊ မြေပဲ၊ ပဲပုပ် ၁၇၄ ဧက၊ ဟိုနားကျေးရွာတွင် ၂၆၁ ဧက၊ ကျိုင်းခမ်းကျေးရွာတွင် ၈၉ ဧက၊ ဟိုက်ကွေ့ကျေးရွာတွင် ၁၄ ဧက၊ နမ့်ဖျက် ကျေးရွာတွင် ၂၈ ဧကနှင့် နောင်တောကျေးရွာတွင် ဧက ၁၇၀ စိုက်ပျိုးထားရှိလျက်ရှိသည်။

ဟိုပုံး - မိုင်းပျဉ်း - ကျိုင်းခမ်း-နောင်ဝိုး - သဘာဝတံတား-နမ့်လန်-သီပေါလမ်း ဖောက်လုပ်ပြီးစီးပါက လမ်းပိုင်းအတွင်းရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆက်စပ်နယ်မြေ တစ်ခွင်လုံးသည် ဘက်စုံကဏ္ဍစုံမှ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဟိုပုံးမြို့နယ်အတွင်းမှ မြေလွတ်မြေရိုင်း ၂၄၆၆၃ ဧက၊ ရပ်စောက်မြို့နယ်အတွင်းမှ မြေလွတ်မြေရိုင်း ၈၄၈၁၃ ဧက၊ အင်တောမြို့နယ်အတွင်းမှ မြေလွတ်မြေရိုင်း ၇၀၅၇ဧက စုစုပေါင်းမြေလွတ်မြေရိုင်း ၁၁၆၅၃၃ဧက ထပ်မံတိုးချဲ့ဖော်ထုတ်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

● **စာမျက်နှာ ၆ မှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူ အပေါင်းတို့၏ ခိုင်မာမြဲမြံသော စည်းလုံးညီညွတ်မှုတို့ ပြည့်စုံမှသာလျှင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်မှု လုပ်ငန်းစဉ်များသည် ပိုမိုထိရောက် သွက်လက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံ့တာဝန်များ ထမ်းဆောင်ကြရာတွင် အားနည်းချက် အားသာချက်နှင့် လိုအပ်ချက်များကို လက်တွေ့ကျကျ သိမြင်နားလည်အောင် အစဉ်လေ့လာ ဆည်းပူးနေကြရမည်ဖြစ်ကြောင်း။

ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲပြီး ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ထမ်းဆောင်ကြရာတွင် ဒေသခံပြည်သူများနှင့် တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း ခံယူကာ စံနမူနာပြအဖြစ် ထာဝရရပ်တည်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျိုင်းခမ်းနယ်မြေခံ တပ်ရင်းမှ တပ်မတော်သားများအတွက် ဂုဏ်ပြုထောက်ပံ့သည့် သက်သာပစ္စည်းနှင့် ငွေများပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အဖွဲ့သည် ကျိုင်းခမ်းကျေးရွာမှ ကျိုင်းခမ်းလမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ကြရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းတစ်လျှောက် လုပ်အားပေးဆောင်ရွက်နေကြသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ရပ်စောက်မြို့နယ် ရပ်စောက်-အင်တော-တာပလန်း ကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်(၁၈) အနီးရှိ သစ်တောရေးရာဝန်ကြီးဌာန၏ သစ်တောစိုက်ခင်းသို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က သစ်တောစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ကျွန်းပင်များအခြေအနေကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသ၏ မြေလွတ်မြေရိုင်း တောင်စွယ်၊ တောင်ကုန်းများတွင် စီးပွားဖြစ်စိုက်ပျိုးလိုသည့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်စိုက်ပျိုးသွားကြရေး ညှိနှိုင်းစီမံဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ မိုင်တိုင်(၁၈) သစ်တောစိုက်ခင်းတွင် မြေဧရိယာဧက ၂၀၀ ပေါ်၌ ကျွန်းပင် ခြောက်သောင်းခန့် စိုက်ပျိုးပြုစုပျိုးထောင်ထားရှိလျက်ရှိရာ ယခုအခါ ကျွန်းပင်များသည် နှစ်နှစ်သား၊ သုံးနှစ်ခွဲသား အရွယ်များသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၄ နာရီတွင် ရပ်စောက်မြို့ ဗထူးတပ်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့သည် ရပ်စောက်-ရွှေညောင်-တောင်ကြီး ကားလမ်းတစ်လျှောက် ဒေသခံတိုင်းရင်းသားတောင်သူများ၏ နှစ်ရှည်သီးနှံ စိုက်ခင်းများ၊ မိုးစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ရပ်စောက်မြို့နယ် ဒေသခံတောင်သူ ဦးချစ်တီးနှင့် ဒေါ်လှရင်တို့၏ သရက်ခြံသို့ ရောက်ရှိကြပြီး ခြံအတွင်း မြေရှစ်ဧကပေါ်၌ စိန်တလုံး၊ မချစ်စု၊ ရင်ကွဲ သရက်မျိုးများ အပင် ၁၃၅၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့၏ ရွှေရင်အေးစပါးစိုက်ခင်း၊ တောင်ကြီးမြို့အဝင် ကွမ်းဘုံရွာအနီး ရွှေရင်အေးမိုးစပါးဧက ၁၀၀ စံပြစိုက်ကွင်းတို့၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စိုက်ကွင်းမှ ထွက်ရှိလာသောစပါးများကို ဒေသခံတောင်သူများအား မျိုးဖြန့်ဝေပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး စိုက်ခင်းအတွင်း လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွမ်းဘုံရွာ ရွှေရင်အေး မိုးစပါး ဧက ၁၀၀ စိုက်ခင်းမှ ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိကြပြီး တောင်ကြီးမြို့တွင် ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားပိုင်လေယာဉ် ပျက်ကျခဲ့သည့်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆူမာတြားကျွန်းမြောက်ပိုင်းရှိ မီဒန်မြို့၌ အင်ဒိုနီးရှားပိုင်လေယာဉ် ပျက်ကျခဲ့သဖြင့် လူအများအပြား သေကျေပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န် ဟာဆန် ဝီရာယုဒ ထံသို့ စာနာထောက်ထားဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။ (သတင်းစဉ်)

➥ **စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

အခြားအလားတူ ဒေသများတွင်လည်း ယခုကဲ့သို့ ချောင်းပိတ်၊ မြောင်းပိတ်၊ လျှိုပိတ်လုပ်ငန်းများကို ရှာကြံဖော်ထုတ်၍ လုပ်ကြရမှာဖြစ်သည်။ နိုင်ငံတော်၏ လမ်းညွှန်တိုက်တွန်းမှု၊ ဒေသခံပြည်သူများနှင့် ဒေသတာဝန်ခံများ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ပခုက္ကူဒေသ၌ ယခုအခါ ချောင်း၊ မြောင်းနှင့် လျှိုပိတ်စရာမကျန်တော့ပြီဟု ဒေသခံများက ပြောကြားသည်ကို ကိုယ်တိုင်ကြားခဲ့ရပါသည်။

တစ်ဖက်မှလည်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက ဒေသအတွင်း စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့၌ မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပခုက္ကူမြို့နယ်၌ ရွှေတန့်တစ်နှင့်ကုက္ကိုလှ၊ ရေစကြိုမြို့နယ်၌ ချစ်သူ၊ သင့်သည်၊ သမန္တပို၊ မင်းရွာနှင့် မအူအောက်ဆိပ်၊ ပေါက်မြို့နယ်၌ ရေပြာ ရေတင်စီမံကိန်း စုစုပေါင်း မြစ်ရေတင်စီမံကိန်းရှစ်ခု ထူထောင်ပြီး စိုက်ဧက ၂၀၀၀ ခန့်ကို အကျိုးပြုလျက်ရှိသည်။ ကြီးရွာ၊ နန်းပို့၊ ရွှေချောင်းနှင့် ဝါယာသာစည် စီမံကိန်း လေးခုတို့မှာ တည်ဆောက်နေဆဲဖြစ်သည်။ ခြုံလိုက်လျှင် နောင်လုပ်မည့် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများကိုပါ ထည့်ပေါင်းလိုက်ပါက ပခုက္ကူခရိုင်၌ လျှပ်စစ်မြစ်ရေတင်စခန်း ၁၅ ခုအထိ ရှိလာမှာဖြစ်ပြီး ဧက ၄၀၀၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဟု တွက်ချက်ထားသည်။

စပါးစိုက်ဧက တစ်သိန်းပင်မရှိသည့် ပခုက္ကူဒေသသည် များမကြာမီနှစ်ပိုင်းအတွင်း ဧကတစ်သိန်းခွဲခန့်အထိ စပါးတိုးချဲ့စိုက်ပျိုးလာနိုင်ပြီး ဒေသဆန်ဖူလုံမှု တိုးတက်လာမှာဖြစ်သည်။ သို့ရာတွင် ရာနှုန်းပြည့် ဒေသဆန် ဖူလုံလာရေးကိုမူ ဆက်လက်အားထည့် လုပ်ကိုင်ရဦးမှာဖြစ်သည်။ ဒေသအတွင်း ဖူလုံမှုရှိပြီး မိမိခြေထောက်အပေါ် မိမိခိုင်ခိုင်မာမာရပ်တည်နိုင်အောင် လုပ်ကိုင်နိုင်ရေးသည် ပခုက္ကူဒေသသားတို့အတွက် အကျိုးဖြစ်ထွန်းမည် ဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်သည်။

ပခုက္ကူမြို့ကို ဧရာဝတီအနောက်ဘက်ကမ်း မြို့တော်ဖြစ်ရေး၊ ပခုက္ကူခရိုင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျန်းမာကြံ့ခိုင်သော ပညာတတ်လူငယ်များ ပေါ်ထွက်လာရေး၊ စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ချင်းပြည်နယ်တောင်ပိုင်းဒေသများပါ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် လိုအပ်သော အခြေခံကောင်းများကို စတင်ပျိုးထောင်ခဲ့သည်မှာ ၁၀ နှစ်ကျော်ခန့် ရှိပြီဖြစ်၍ အခြေခိုင်မာနေပြီးဖြစ်သည့်အပြင် ဂဏန်းသင်္ချာနည်းဖြင့် တွက်ချက်၍ မရနိုင်သည့် ကောင်းကျိုးများကို ဒေသခံပြည်သူများ လက်တွေ့ရရှိခံစားနေကြရပြီ ဖြစ်သည်။ ခေတ်နောက်ကျကျန်ရစ်သော ဧရာဝတီအနောက်ဘက်ကမ်း ဒေသ၏ သမိုင်းအကြွေးကို ကျေအောင်ပေးဆပ်နေပြီဖြစ်သည်။

မြို့များ၌ မြို့ရေပေးဝေမှု တိုးတက်ရရှိရေး၊ ကျေးလက်ဒေသတစ်ခွင်လုံး၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးတို့အတွက် အထူးအလေးထား စီမံပေးလျက်ရှိရာ ခရီးအတော်ရောက်နေပြီဖြစ်သည်။ မကြာမီကာလ အတွင်းမှာပင် ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိတော့မှာ သေချာနေသည်။

သန့်ရှင်းသော သောက်သုံးရေ ရရှိလာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ ကျန်းမာရေးအပါအဝင် လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အခြေခံကောင်းရပြီးဖြစ်သည်ဟု ဆိုနိုင်သည်။ အနိမ့်ဆုံး သောက်ရေ၊ သုံးရေ မသန့်ရှင်းမှုနှင့် ချို့တဲ့မှုတို့ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများမှ ကင်းဝေးကြတော့မှာဖြစ်သည်။

စိုက်ပျိုးရေ တိုးချဲ့ရရှိခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာကာ ဒေသစီးပွားရေး ခိုင်မာလာပြီး ဒေသတွင်း ဖူလုံတောင့်တင်းလာမှာဖြစ်သည်။ ဒေသနှင့် ကိုက်ညီဆီလျော်သည့် မွေးမြူရေးလုပ်ငန်းကိုပါ စိုက်ပျိုးရေးနှင့် ဒွန်တွဲလုပ်ဆောင်လာသည်နှင့်အမျှ ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေတိုးပွားလာမှာလည်း သေချာသည်။ သိုး၊ ဆိတ် ကောင်းရေ သုံးသိန်းကျော်၊ ဝက်ကောင်ရေ ၂ဒသမ ၂ သိန်းကျော် မွေးမြူနိုင်ခြင်းဖြင့် ပခုက္ကူခရိုင်သည် မကွေးတိုင်း၌ သိုး၊ ဆိတ်နှင့် ဝက်အများဆုံး မွေးမြူ နေသည့် ဒေသဖြစ်နေရာ မွေးမြူရေးလုပ်ငန်း တိုးတက်အောင်မြင် ရန် အလားအလာကောင်း ရှိပြီးဖြစ်သည်။ ကျေးလက်ဒေသ၏ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းသွားနိုင်သည့် အခြေအနေရှိနေပြီဖြစ်သည်။

ပခုက္ကူစက်မှုဇုန်သည် ပခုက္ကူဂျစ်ကားနှင့် ကုန်တင်ကားများကို တိုးချဲ့ထုတ်လုပ်ရင်း ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၏ အင်အားပို၍ စုစည်းမိလာသည်။ နီးစပ်ရာ အစိုးရစက်ရုံများမှ အပ်ထည်များကလည်း တစ်စထက်တစ်စ ပို၍ရလာသည်။ ပခုက္ကူ ချည်မျှင်စက်ကြီးက အနီးကပ်ပေါ်ထွက်လာပြီဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းအသစ်များသာမက ခေတ်မီနည်းပညာများကိုပါ ဆင့်ပွားသင်ယူလာနိုင်တော့မှာဖြစ်ရာ ပုဂ္ဂလိက စက်မှုကဏ္ဍ၏ အလားအလာမှာလည်း ကောင်းနေသည်ဟု ဆိုရမှာဖြစ်သည်။

ခြုံလိုက်လျှင် ပခုက္ကူဒေသတစ်ခွင်လုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့နှင့် စပ်လျဉ်း၍ တိုးတက်အောင်မြင်မှု အသီးအပွင့်များ ဆက်တိုက်ပေါ်ထွက်လာဦးမှာဖြစ်သည်။ ထို့ကြောင့် ပခုက္ကူဒေသသည် အလင်းမှိန်နေသော အတိတ်ကာလမှ ဒေသမျိုးမဟုတ်တော့ဘဲ အနာဂတ် အလင်းအားကောင်းသည့် ဧရာဝတီအနောက်ဘက်ကမ်းဒေသဖြစ်ကြောင်း ဖော်ညွှန်းလိုက်ပါသည်။ ။

စာတတ်လျှင် အနာဂတ်သာယာမည်

✻ သတ္တဝါမှန်သမျှ၊ အာဟာရအဓိက
ဖြစ်ကုန်ကြသို့၊ ပညာ့နယ်ပယ်
တတ်သိလွယ်ရေး၊ စာတတ်ရေးသည်
အရေးပထမ၊ အဓိကတည့်။

✻ ထိုသည့်အရေး၊ မြော်ခေါ်တွေးပြီး
ကလေးမောင်မယ်၊ ကျောင်းနေရွယ်တိုင်း
သိုင်းဝိုင်းထောက်မ၊ ကျောင်းနေရအောင်
ကြံကာဆောင်ပြီး၊ ဖန်တီးမဆိုင်း
လူတိုင်းတွက်တာ၊ ပညာရှာခွင့်
ကမ်းလင့်ရည်သန်
မသန်စွမ်းသူ၊ ဝိုင်းကူဖေးမ
ပညာရမှု၊ ရေးရှုအားထုတ်
ပြုလုပ်နေတာ၊ ဒို့မြန်မာ။

✻ နိုင်ငံတကာ၊ သိုင်းဝိုင်းမှာလည်း
စာတတ်မြောက်ရေး၊ ဖောင်းပေးလှုပ်ရှား
နေ့ရက်များတွင်
ပျော်ပျော်ရွှင်ရွှင်၊ ပေါ်လွင်ထင်ရှား
လှုပ်ရှားနေတာ၊ ဒို့မြန်မာ။

✻ မြန်မာမှန်သမျှ၊ စာတတ်ကြ၍
ဘဝတွက်တာ၊ မြတ်ပညာကို
ဖွေရှာမပြတ်၊ အနာဂတ်မြန်မာ
သာယာစည်ပင်၊ လူ့ရပ်ခွင်သည်
ပေါ်လွင်လာမည်၊ မျှော်မှန်းရည်လျက်
ချီတက်နေတာ၊ ဒို့မြန်မာ။ ။

(၈-၉-၂၀၀၅ ရက်နေ့က ကျင်းပပြီးစီးခဲ့သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုလျက်)

နှယ်ချို

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ မွေ့ဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရုပ်သွင်တေးနှယဉ်
- ၈:၂၀ ၈။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English For Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading
- ၄:၄၅ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက-၂၊ စမ်းချောင်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)**
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀ နှစ်) (အမျိုးသား)
- ၅:၄၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၅၅ ၉။ **"မင်းမသိသေးပါဘူးကွာ" (ဇော်၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)**
- ၆:၀၀ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ"(အပိုင်း-၁၆)
- ၇:၃၅ ၁၄။ နှောင်းခေတ်တေးပဒေသာ
- ၇:၄၅ ၁၅။ လေးကျွန်းမာန်အောင် စေတီတော် (သောတာပန်ရပ်၊ စစ်ကိုင်းမြို့နယ်)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း-၁၀)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

စာတတ်မြောက်ရေး လှုပ်ရှားမှုများ လက်တွေ့ကျကျ အကောင်အထည်ေ
၂၀၀၅ခုနှစ် နွေရာသီစာတတ်မြောက်ရေး အထူးလုပ်ငန်းအစီအစဉ်အရ ယ

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသော အခြေခံပညာကျောင်းသား၊ ကျောင်းသူလေးများက **"တို့အင်တို့အား"**သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာ ၈ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day)အဖြစ် ၁၉၆၇ ခုနှစ်က စပြီးသတ်မှတ်ပေးခဲ့ပြီးသည့်နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများနည်းတူ **"နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား"** များကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် အလွန်ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်အဖြစ် စွဲစွဲမြဲမြဲ ဖြစ်ထွန်းနေခဲ့ပြီ ဖြစ်ကြောင်း။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ်ထားရှိပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ နိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများသည် များစွာပြောင်းလဲနေကြောင်း၊ ပညာသင်ယူမှုသည် စာသင်ခန်း၌ပင် ကန့်သတ်တုပ်နှောင်မနေတော့ဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပါ တစ်သားတည်း ဆက်စပ်ဖြစ်ထွန်းနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ဤသို့ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင်–

- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံတွင် ဖြစ်ထွန်းနေစေရေး၊**
- **အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပညာရပ်နယ်ပယ် ကဏ္ဍစုံ၌ ထုနှင့်ထည်နှင့် အခိုင်အမာ ပေါ်ထွန်းလာစေရေးတို့အပြင်၊**
- **နိုင်ငံသူ၊ နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်စေရေးနှင့် စာတတ်မြောက်မှု ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရေး တို့အတွက်ပါ ဟန်ချက်ညီညီ စီမံကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။**

အောင်မြင်ဖြစ်ထွန်း

"တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနှင့် လူတိုင်းစာတတ်မြောက်ရေး" ကို ဦးတည်ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် ပညာရေးအရည်အသွေး မြင့်မားစေရန်၊ ခေတ်မီသတင်းနှင့်ဆက်သွယ်ရေး နည်းပညာများ လေ့လာသင်ယူနိုင်စေရန်၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် လျော်ညီစွာ ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနိုင်စေရအောင် ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ ပညာရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသည့်အတွက် ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ များစွာရရှိနေပြီဖြစ်ကြောင်း၊ စာမတတ်သူ ပပျောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာပြီးဆုံးရေးနှင့် သက်ကြီးစာတတ်မြောက်ရေး အစီအစဉ်များကို စနစ်တကျ ရေးဆွဲပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို ရည်မှန်းချက်တစ်ရပ်အနေနှင့် ချမှတ်ပြီး ၁၉၉၉ ခုနှစ် ပညာရေးမြှင့်တင်မှု အစီအစဉ် (ဒုတိယအဆင့်)က စပြီး အမျိုးသားရေး လူထုလှုပ်ရှားမှု အသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည့်အတွက် ငါးနှစ်ပြည့်ပြီးကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉–၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာရှိခဲ့ရာက ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်း ရှိလာသည်အထိ နှစ်စဉ်တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းသို့ တိုးတက်ဖြစ်ထွန်းလာခြင်းသည် ပြည်သူများနှင့် စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးမှုများကြောင့်လည်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာသင်ကြားနိုင်ရေးနှင့် ထိုမှတစ်ဆင့် အလယ်တန်း၊ အထက်တန်းပညာအထိ ဆက်လက်သင်ကြားနိုင်ခွင့်များရရှိအောင် မူလတန်းကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ မူလတန်းလွန်ကျောင်းများ တိုးမြှင့်ခွင့်ပြုပေးခြင်း၊ အလယ်

တန်းကျောင်းများအဖြစ် တိုးတက်တည်ဆောက်ပေးခြ
ရှိကြောင်း၊ ယခုဆိုလျှင် နိုင်ငံတစ်ဝန်းလုံးတွင် မူ
၃၀၄၁၄ကျောင်း၊ မူလတန်းလွန် ကျောင်းပေါင်း ၅၅၄
ကျောင်း၊ အလယ်တန်းကျောင်းခွဲနှင့် တွဲဖက်အလယ်
အလယ်တန်းအဆင့်သင် ကျောင်းပေါင်း ၂၆၀၄ကျေ
ကျောင်း၊ အထက်တန်းကျောင်းခွဲ၊ တွဲဖက်အထက်တ
အထက်တန်းအဆင့်သင် ကျောင်းပေါင်း ၁၉၆၂ကျေ
ပြီဖြစ်ကြောင်း၊ အခြေခံပညာကို သင်ကြားပေးနေ
စုစုပေါင်း ၄၀၅၂၅ကျောင်းရှိနေပြီဖြစ်ကြောင်း၊ ဤ
ရေး(Formal Education)အပြင် သာမန်ကျောင်းခ
ရောက်လာရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်က
အရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပမူလတ
အစဉ်(Nonformal Primary Education Prog
ကျောင်းအစီအစဉ် (Mobile School) များဖြင့် အ
သကဲ့သို့ သက်ကြီးစာမတတ်သူများအတွက် အခြေခံ
တစ်ပြိုင်တည်း စဉ်ဆက်ပညာရေးအစီအစဉ်(Litera
Education Programme)တို့ကို ချမှတ်အကောင်အ
ရှိကြောင်း။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမ
ကလေးများ အတွက်လည်း ကျောင်းပညာရေးစနစ်တွင်
နှင့်အတူ ပညာသင်ယူခွင့် ရရှိစေရေးအတွက် အခွင့်အလ
လူတိုင်းအကျုံးဝင်ပညာရေး(Inclusive Education)
ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံသူ
မြောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အ
ပူးပေါင်းပါဝင်ပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့
မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် မှန်မှန်ချ
လာလျက်ရှိနေပြီဖြစ်ကြောင်း။

သက်ကြီးစာတတ်မြောက်မှု

ယင်းသို့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်က
စီမံဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာတတ်မြေ
ခုနှစ်တွင် ၈၃ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၉၃
တိုးတက်မြင့်မားလာခဲ့ကြောင်း။

ယခုအခါ ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှ
အသီးသီးက မိမိတို့ ဒေသ၊ မိမိတို့အခြေအနေနှင့်ဆီ
စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်များ ကိုယ်စီကိုယ်စ
အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ လူမှုရေးအ
များ၏ ပူးပေါင်းပါဝင်ကူညီမှုများနှင့် ဒေသအခြေ
စာတတ်မြောက်ရေးလှုပ်ရှားမှုများကို လက်တွေ့ကျကျ
ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ထူးထူးခြားခြား အေ
ရရှိနေပြီဖြစ်ကြောင်း။

၂၀၀၅ ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းများ၏
ကောင်းများအနေဖြင့် နယ်စပ်ဒေသ "အ"သုံးလုံးအ

✧ ရှေ့ဖုံးမှ

လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ပညာရေး ကောလိပ်ကျောင်းအုပ်ကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆုရရှိကြသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများဖြစ်ကြသည့် မရတနာအေးမင်းနှင့် မဟောက်ခန်ဒင့်(မ်)တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ယနေ့အချိန်အခါသည် ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအသီးသီးကို ပညာရေးက လွှမ်းမိုးပိုင်းဖြတ်နေသော အချိန်အခါကာလဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၅ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်မှာ **"ရေရှည်တည်တံ့ ခိုင်မြဲစေမည့် ဖွံ့ဖြိုးမှုအတွက် စာတတ်မြောက်ရေး ဆောင်ရွက်ပေး"** "Literacy and Sustainable Development" ဖြစ်ကြောင်း။

ထို့အပြင် ၂၀၀၂ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၂၀၀၅ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ဆယ်စုနှစ်ကာလကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂ ဆယ်စုနှစ် "United Nations Decade on Education for Sustainable Development"အဖြစ် သတ်မှတ်ပြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် ပညာရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံအလိုက် အစီအစဉ်များ ရေးဆွဲ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိလူမျိုးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက်

တတ်မြောက်ပြီးသည့်စာကို ထိရောက်စွာ အသုံးချ

☆ ယနေ့ကာလသည် စာသင်သားများကို အရေး၊ အဖတ် အတွက်လောက်သာ သင်ကြားပေးရုံဖြင့် မလုံလောက်တော့။

☆ စာသည်ပညာမဟုတ်၊ ပညာရယူသည့် ကိရိယာတစ်ခုမျှသာဖြစ်။

☆ တတ်မြောက်ပြီးသည့်စာကို လူ့ဘဝသာယာဖွံ့ဖြိုးရေး၌ ထိရောက်စွာ အသုံးချနိုင်ပါမှ ပြည်သူများ၏ဘဝသည် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည်။

၂၀၀၅ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းရေးမှူး Mr. Tang Zhenping ဖတ်ကြားစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှ
မြောက်ရေး
စာတတ်မြေ
အထိမ်းအမှ
ယူနက်စကိုဥ
နိုင်ငံတကာ
အခမ်းအနား
လွှာကို မြန်
အမျိုးသား
အတွင်းရေး
တက္ကသိုလ်
ခင်ဇော်ဖတ်

ကျကျ အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ထူးထူးခြားခြားအောင်မြင်
လုပ်ငန်းအစီအစဉ်အရ ယခင်စာမတတ်သူ နှစ်သိန်းကျော် စာတတ်မြောက်ခဲ့

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ် မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ပညာရေးတက္ကသိုလ်နှင့် ပညာရေး ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယရရှိသော မော်လမြိုင်ပညာရေး ကောလိပ် လုပ်ခွင့်ကြို(ဒုတိယနှစ်)ကျောင်းသူ မမျိုးသဇင်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

တန်းကျောင်းများအဖြစ် တိုးတက်တည်ဆောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် နိုင်ငံတစ်ဝန်းလုံးတွင် မူလတန်းကျောင်းပေါင်း ၃၀၄၁၄ကျောင်း၊ မူလတန်းလွန် ကျောင်းပေါင်း ၅၅၄၅ကျောင်း၊ အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်းခွဲနှင့် တွဲဖက်အလယ်တန်းကျောင်းအပါအဝင် အလယ်တန်းအဆင့်သင် ကျောင်းပေါင်း ၂၆၀၄ကျောင်းနှင့် အထက်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲ၊ တွဲဖက်အထက်တန်းကျောင်းအပါအဝင် အထက်တန်းအဆင့်သင် ကျောင်းပေါင်း ၁၉၆၂ကျောင်းအထိ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ အခြေခံပညာကို သင်ကြားပေးနေသော ကျောင်းပေါင်းစုစုပေါင်း ၄၀၅၂၅ကျောင်းရှိနေပြီဖြစ်ကြောင်း၊ ဤသို့ ပုံမှန်ကျောင်းပညာရေး(Formal Education)အပြင် သာမန်ကျောင်းချိန်အတွင်း ကျောင်းသို့ရောက်လာရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းပညာရေး အထူးအစီအစဉ်(Nonformal Primary Education Programme)၊ ရွေ့လျားကျောင်းအစီအစဉ် (Mobile School) များဖြင့် အားဖြည့်ဆောင်ရွက်ပေးသကဲ့သို့ သက်ကြီးစာမတတ်သူများအတွက် အခြေခံ စာတတ်မြောက်ရေးနှင့် တစ်ပြိုင်တည်း စဉ်ဆက်ပညာရေးအစီအစဉ်(Literacy and Continuing Education Programme)တို့ကို ချမှတ်အကောင်အထည်ဖော်လျက်လည်းရှိကြောင်း။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သည့် မသန်စွမ်းကလေးများ အတွက်လည်း ကျောင်းပညာရေးစနစ်တွင် အခြားပုံမှန်ကလေးများနှင့်အတူ ပညာသင်ယူခွင့် ရရှိစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးသည့် လူတိုင်းအကျုံးဝင်ပညာရေး(Inclusive Education) ကိုလည်း ဆောင်ရွက်နေကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်း စာတတ်မြောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် မှန်မှန်ချည်း တိုးတက်မြင့်မားလာလျက်ရှိနေပြီဖြစ်ကြောင်း။

သက်ကြီးစာတတ်မြောက်မှု

ယင်းသို့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျစီမံဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ ခုနှစ်တွင် ၈၃ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၉၃ဒသမ၃ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ကြောင်း။

ယခုအခါ ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် ပြည်နယ်နှင့်တိုင်းအသီးသီးက မိမိတို့ ဒေသ၊ မိမိတို့အခြေအနေနှင့်ဆီလျော်ကိုက်ညီမှုရှိသည့် စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်များ ကိုယ်စီကိုယ်စီရေးဆွဲပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုများနှင့် ဒေသအခြေအနေကို အခြေခံသည့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်ကြောင်း။

၂၀၀၅ ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးရလဒ်ကောင်းများအနေဖြင့် နယ်စပ်ဒေသ "အ"သုံးလုံးအစီအစဉ်များအရ ကချင်



၂၀၀၅ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr. Tang Zhenping ဖတ်ကြားစဉ်။ (သတင်းစဉ်)



၂၀၀၅ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားတွင် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်ပညာရေး တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ ခင်ဇော်ဖတ်ကြားစဉ်။ (သတင်းစဉ်)

အထူးဒေသ၊ ရှမ်းဒေသ၊ ချင်းဒေသ၊ ပအိုဝ်းဒေသ၊ "ဝ"ဒေသ၊ ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ကယား၊ ကယန်းဒေသ၊ နာဂ ဒေသတို့မှ အစွန်အဖျားကျေးလက်များမှ ယခင်က စာမတတ်သူရှစ်ထောင်ကျော် (၈၁၁၅ ဦး) စာတတ်မြောက်လာခဲ့ကြောင်း။

ပြည်နယ်နှင့်တိုင်းလုံးကျွတ် စာတတ်မြောက်ရေးဆောင်ရွက်ပြီးသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာဒေသများ၌ ကောက်သင်းကောက် စာတတ်မြောက်ရေးလုပ်ငန်းများကြောင့် စာတတ်မြောက်လာသူ တစ်သိန်းကိုးသောင်းကျော် (၁၉၅၁၇၈ ဦး) ရှိလာခဲ့သည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ၂၀၀၅ ခုနှစ် နွေရာသီစာတတ်မြောက်ရေး အထူးလုပ်ငန်းအစီအစဉ်အရ ယခင်က စာမတတ်သူ နှစ်သိန်းကျော် (၂၀၃၂၉၃ ဦး)သည် ယခုစာတတ်မြောက်လာခဲ့ကြပြီဖြစ်ကြောင်း၊ ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ၏ သက်ကြီး စာတတ်မြောက်မှုနှုန်းများသည် ၉၄ဒသမ၁ရာခိုင်နှုန်း ဖြစ်လာသည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အကျိုးရလဒ်ကောင်းများဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယနေ့ကာလသည် စာသင်သားများကို အရေး၊ အဖတ်၊ အတွက်လောက်သာ သင်ကြားပေးရုံဖြင့် မလုံလောက်တော့ကြောင်း၊ စာသည်ပညာမဟုတ်သေးကြောင်း၊ ပညာရယူသည့် ကိရိယာတစ်ခုမျှသာ ဖြစ်ပါသေးကြောင်း၊ တတ်မြောက်ပြီးသည့်စာကို လူ့ဘဝသာယာဖွံ့ဖြိုးရေး၌ ထိရောက်စွာ အသုံးချနိုင်ပါမှပြည်သူများ၏ ဘဝသည် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း။

အခြေခံ စာတတ်မြောက်ရေးပြီးဆုံးသည်နှင့် တစ်ပြိုင်တည်း စဉ်ဆက်ပညာရေးအရ ဆက်လက် သင်ကြားပေးရမည့် အစီအစဉ်များက စောင့်ကြိုနေကြောင်း၊ အခြေခံ စာတတ်မြောက်မှုနှုန်း မြင့်မားလာသည်နှင့်အမျှ တစ်ဖက်ကလည်း စာတတ်မြောက်မှု ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်များကို ဆက်တိုက်ဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ ဝင်ငွေတိုးအစီအစဉ်များနှင့် ဘဝသာယာရေးအစီအစဉ်များကိုလည်း စနစ်တကျစီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ရပ်ရွာပညာပဒေသာဌာနများ

ယင်းသို့ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် နေရာဌာနများမှာ Community Learning Centre ဟု ခေါ်သည့် ရပ်ရွာပညာ ပဒေသာဌာနများပင်ဖြစ်ကြောင်း၊ ရပ်ရွာပညာပဒေသာဌာနများသည် မိမိဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်သက်တာပညာ ဆက်လက် ဆည်းပူးလေ့လာလိုသူများအတွက် မရှိမဖြစ်လိုအပ်သော နေရာဌာနများဖြစ်၍ လူမှုဖွံ့ဖြိုးတိုးတက်ရေးသာမက မိမိတို့၏ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်သည့် ဌာနများလည်းဖြစ်ကြောင်း၊ ယခုအခါ စဉ်ဆက်ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရပ်ရွာပညာပဒေသာဌာနပေါင်း ၈၈၇ ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆုချီးမြှင့်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တတိယရရှိသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မဖူးမွန်သွယ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

လူတိုင်းစာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံက နည်းလမ်းအသွယ်သွယ်နှင့် စီမံဆောင်ရွက်နေသကဲ့သို့ တစ်မျိုးသားလုံးကလည်း အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးတာဝန်အနေဖြင့် ညီညာဖြဖြ ပူးပေါင်းပါဝင်ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် အောင်မြင်မှုရလဒ်ကောင်းများ ရရှိဖြစ်ထွန်းနေသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဤကဲ့သို့ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အောင်မြင်မှုအကျိုးရလဒ်ကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့်တကွ အားလုံးကို တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ–

- **နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားအမြင်၊ အမျိုးသားအသိ၊ အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါ၊**
- **စာတတ်မြောက်ရေးမှသည် စဉ်ဆက်ပညာရေး အစီအစဉ်များကို ရေရှည် ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ခြင်းဖြင့် အစဉ်လေ့လာသင်ယူတွေးခေါ်ကြံဆနေသည့် မြန်မာ့လူ့အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr. Tang Zhenping က ဖတ်ကြားသည်။

ယင်းနောက် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသား ကော်မရှင်အထွေထွေ အတွင်းရေးမှူး ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်ဇော်က ဖတ်ကြားသည်။

ထို့နောက် အခြေခံပညာကျောင်းသား၊ ကျောင်းသူလေးများက "ဇာတိမာန်"သီချင်းဖြင့် သီဆို သရုပ်ပြကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့၌ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမရရှိသော ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသတ္တမတန်းမှ မကြည်ဖြူဇေယျာ၊ ဒုတိယရရှိသော မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်ကျော်ဇင်ထွန်းနှင့် တတိယရရှိသော ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မောင်သက်ပိုင်စိုး တို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမရရှိသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မနူးနူးမိုင်၊ ဒုတိယရရှိသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်းမှ မခင်မြတ်မွန်နှင့် တတိယရရှိသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မဖူးမွန်သွယ်ဦးတို့အားလည်းကောင်း၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမရရှိသော ပြည်ပညာရေးကောလိပ် လုပ်ခွင့်ကြို (ဒုတိယနှစ်) ကျောင်းသူ မဖြူဇင်သိန်း၊ ဒုတိယရရှိသော မော်လမြိုင်ပညာရေးကောလိပ် လုပ်ခွင့်ကြို (ဒုတိယနှစ်) ကျောင်းသူ မမျိုးသဇင်နှင့် တတိယရရှိသော ရန်ကုန်ပညာရေးတက္ကသိုလ် ပထမနှစ် (ဘီအီးဒီ) ကျောင်းသူ မနှင်းဥရည်တို့အားလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်း) တွင်ပထမရရှိသော ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ခင်မာကြည် (ခင်ခင်ကျော်–ပညာရေး)၊ ဒုတိယရရှိသော မကွေးတိုင်း ရေနံချောင်းမြို့နယ် ချန်ကန်ရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကျော်ညွှန့် (ရေနံ့သာမောင်ကျော်ညွှန့်)နှင့် တတိယရရှိသော ရန်ကုန်တက္ကသိုလ် မဟာဝိဇ္ဇာ (ဒုတိယနှစ်)မှ ဦးသန်းမင်းထိုက် (သန်းမင်းထိုက်–မြန်မာစာ) တို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ **"မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းမှု"** ဗီဒီယိုကို ပြသသည်။

ထို့နောက် ရွှေတံဆိပ်ဆုရှင် ကျောင်းသား၊ ကျောင်းသူလေးများက **"လူတိုင်းအတွက် ပညာရေး"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဘူးသီးတောင်မြို့နယ် ဂန္ဓမာစံပြကျေးရွာရှိ မိုးစပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စပါးစိုက်ဧကများ နှစ်စဉ်တိုးတက် စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုးစပါးဧက ၁၁သိန်း စိုက်ရန်လျာထား ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို သတ်မှတ်ချက်နှင့်အညီ အောင်မြင်အောင် စိုက်ပျိုးကြရန်လို

ရန်ကုန် စက်တင်ဘာ ၈

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ အဖွဲ့ဝင်များလိုက်ပါလျက် စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်တပ်နယ်သို့ရောက်ရှိ၍ တပ်နယ်ခန်းမ၌ ဘူးသီးတောင်တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံကာ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေး လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးတို့ကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် ဂန္ဓမာစံပြကျေးရွာရှိ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်သို့ သွားရောက် ကြည့်ရှု စစ်ဆေးကြရာ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကြည်ဟန်က ယှဉ်ပြိုင်စမ်းသပ်ကွက်အတွင်း စိုက်ပျိုးထားရှိသည့် မျိုးစပါး ၁၂မျိုးတို့၏ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဂန္ဓမာစံပြကျေးရွာ နယ်စပ်ဆေးပေးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတွင် အဖြစ်များသောရောဂါနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ရှိသူများအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဂန္ဓမာစံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းခန်းမ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံရာ၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိမိတို့ ရရှိထားသည့် လယ်ယာမြေများကို တန်ဖိုးထားကြရန်နှင့် လယ်ယာများကို ကိုယ်တိုင်စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်း သီးပွင့်လာပါက မိမိတို့၏ မိသားစုအတွက်သာမက ဒေသအတွက်ပါ အကျိုးဖြစ်ထွန်းစေသည်ဖြစ်၍ ယခုထက် ပိုမိုကြိုးပမ်း တိုးချဲ့စိုက်ပျိုးရန် လိုကြောင်းဖြင့်မှာကြားပြီး စံပြကျေးရွာအတွက်ရန်ပုံငွေ၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် ရန်ပုံငွေများကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ဂန္ဓမာစံပြကျေးရွာသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ် ဖြင့်တည်ဆောက်ပေးထားသည့် ကျေးရွာတစ်ရွာဖြစ်သည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးရွာ၏ လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာ အုပ်စုရှိ မိုးစပါးစံပြယှဉ်ပြိုင်ကွက် အမှတ်(၂) ဧက ၁၀၀ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှကျော်အေးက မြို့ဝင်/မြို့ထွက် စံပြ ယှဉ်ပြိုင်ကွက်ဧက ၂၀၀ အတွင်း မိုးစပါးများ အောင်မြင်ဖြစ်ထွန်းမှုနှင့် စိုက်ပျိုးသည့် စပါးမျိုးများ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တစ်မိုးနှစ်သီးစိုက်ပျိုးရာတွင် စိုက်ရက်တိုပြီး အထွက်ကောင်းသည့် ဒေသကြိုက် ထွန်းသီရိမျိုးကို စိုက်ပျိုးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်-မောင်တောကားလမ်းဘေးရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ဘူးသီးတောင် ရော်ဘာမျိုးပွားခြံ ရေ့တန်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးအောင်ကျော်မင်းက ၁၁ဒသမ ၂ဧကကျယ်ဝန်းသည့် မျိုးပွားခြံအတွင်း BPM. 24၊ PB. 551 နှင့် PB. 217 အမျိုးအစား ရော်ဘာမျိုးစေ့လေးသောင်း ပျိုးထောင်ထားရှိမှုနှင့် ရော်ဘာပျိုးပင် ၂၀၀၅ ပင် ဖြစ်ထွန်းမှုအခြေအနေ၊ မျိုးကိုင်းပွားခင်း တည်ထောင်၍ မောင်တောခရိုင်အတွင်းရှိ ရော်ဘာစိုက်ပျိုးမည့်သူများအား ဖြန့်ဝေပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားကာ ရော်ဘာပျိုးခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်ဆေးရုံကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လက်ထောက်ဆရာဝန် ဒေါက်တာကျော်မောင်မောင်သိန်းနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ဆေးရုံ၏ ဝန်ထမ်းအင်အားအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို မေးမြန်းကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လူနာများအား မေတ္တာ၊ စေတနာ၊ ကရုဏာတို့ဖြင့် ပြုစုကုသပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ဓာတ်မှန်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သံကူကွန်ကရစ် သဘော်ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက သစ်သားဆိပ်ခံတံတားအစား သံကူကွန်ကရစ် ဆိပ်ခံတံတား ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်၊ နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးငွေကျပ် သိန်း ၃၀ နှင့် ပြည်သူများ၏ လှူဒါန်းငွေကျပ် ၃၅သိန်း၊ စုစုပေါင်းငွေကျပ် ၁၆၅သိန်းဖြင့် တည်ဆောက်မှုနှင့် ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ဆိပ်ခံတံတားကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တည်ဆောက် ပြီးစီးပြီးဖြစ်သော ကွန်ကရစ်သဘော်ဆိပ်ခံတံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ရသေ့တောင်မြို့ သဘော်ဆိပ်ခံတံတားသည် သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်ပြီး ပင်မတံတားအပိုင်းတွင် ၁၂ပေပတ်လည် ခန်းဖွင့်ကိုးခန်း၊ ရေဆင်းတံတားအပိုင်းတွင် ၁၂ပေ ပတ်လည်ခန်းဖွင့် လေးခန်း၊ ၁၂လက်မပတ်လည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ပိုင်တိုင် ၂၂လုံးတို့ ပါဝင်သည်။

တံတား၏ ကြမ်းခင်းအထူမှာ ခြောက်လက်မဖြစ်၍ ၁၂ လက်မပတ်လည် သံကူကွန်ကရစ်ရက်မများဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၀၅ခုနှစ် စက်တင်ဘာ ၅ရက်တွင် လုပ်ငန်းအားလုံး၏ ၉၉ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ လာမည့် စက်တင်ဘာ ၁၀ရက်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဆန်ကုန်သည်များအသင်းနှင့် ဆန်စက်လုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများနှင့် တိုင်းမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် တိုးတက်လာမည့် လူဦးရေကို မျှော်မှန်း၍လည်းကောင်း၊ ပြည်သူတို့၏ စားဝတ်နေရေးနှင့် လူနေမှုဘဝ မြင့်မားစေရေးအတွက် လည်းကောင်း၊ စပါးစိုက်ဧကများကို နှစ်စဉ် တိုးတက်စိုက်ပျိုးနိုင်ရန် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိရာ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုးစပါးဧက ၁၁သိန်း စိုက်ပျိုးရန် လျာထားကြောင်း၊ ရသေ့တောင်မြို့နယ်အနေဖြင့် သတ်မှတ်ပေးထားသည့် မိုးစပါးစိုက်ပျိုးဧက ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤမြို့နယ်သည် ဆန်ဖူလုံသည့်ဒေသဖြစ်ရာ သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းဝယ်နိုင်ရေးအတွက် ဒေသခံများက ထိန်းသိမ်းညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်က မြို့ပြဖွံ့ဖြိုးစေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်းကို ချမှတ်ဆောင်ရွက်ပေးသည့်နည်းတူ နယ်စပ်ဒေသနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ စီးပွားရေးကဏ္ဍများ တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့မြို့နယ် ဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကသီနှံ ၁၀မျိုး၊ အမယ်သစ်(အမည်သစ်)သုံးမျိုး၊ နှစ်ရှည်သုံးမျိုးတို့အနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ရွေးချယ်စိုက်ပျိုး၍ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် နှစ်ရှည်ပင်ဖြစ်သည့် ရော်ဘာနှင့် အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းတို့ကို သတ်မှတ်ချက်နှင့်အညီ အောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ပုစွန်၊ ငါးနှင့် ဒေသကြက်တို့ကို တိုးတက်မွေးမြူကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတို့ဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များအပြင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း ထိရောက်အောင်မြင်စေရန်အတွက် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုကြောင်းဖြင့်မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆေးပဒေသာပင်ငွေလှူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွှန့်ဦးမောင်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဂိုးလ်ယူနီ ကျောက်မျက်ကုမ္ပဏီ၏ လှူဒါန်းငွေကျပ် ၂၉၅၄သိန်းဖြင့် တည်ဆောက်နေသည့် ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ကျောင်းဆောက်လုပ်ရေးတာဝန်ခံ ဦးစံမြတ်ချိုက ကျောင်းဆောင်သစ် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်သည် နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းမှာ ၆၈ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တပ်နယ်မိသားစုများအားတွေ့ဆုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်တပ်နယ်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐**

❒ စာမျက်နှာ ၁၀ မှ

အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်တွင်း သန့်ရှင်းသာယာလှပရေးအတွက် အရိပ်ရပင်၊ လေကာပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတို့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ သက်သာချောင်ချိရေးအတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုး မွေးမြူရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရေးတို့ကို မှာကြားကာ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၁) ဆိပ်ကမ်း တံတားရှိသို့ ရောက်ရှိကြရာ ညွှန်ခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေက စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ဆိပ်ခံတံတားဟောင်း ပျက်စီးမှုအခြေအနေ၊ ကွန်ကရစ်ဆိပ်ခံတံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်မည့် အစီအစဉ်၊ ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေး စီမံကိန်းအရ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်ဆိပ်ခံ တံတားသစ် တည်ဆောက်ရေးတွင် အသုံးပြုမည့် ကွန်ကရစ်ပိုင်တိုင်များ ပြုလုပ်ပြီးစီးမှု၊ ဝန်အားနှင့် ခံနိုင်ရည်အား စမ်းသပ်သည့် ကွန်ကရစ်ဘလောက်တုံးနမူနာများပြုလုပ်နေမှုနှင့် ဆိပ်ခံတံတားဟောင်း ဖျက်သိမ်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကွန်ကရစ် ဆိပ်ခံတံတားသစ်ကို တာဝန်ယူတည်ဆောက်မည့် အရှေ့ဦးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းတို့က လိုက်လံရှင်းလင်း ပြသကြသည်။

အဆိုပါ ကွန်ကရစ်ဆိပ်ခံတံတားသစ်မှာ အလျားပေ ၂၄၀၊ အကျယ် ၄၈ပေရှိ၍ ချဉ်းကပ်တံတားမှာ အလျား ၄၄၄ပေ၊ အကျယ် ၂၄ပေဖြစ်သည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စေတီတော် ဌာပနာတော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော် လိုဏ်ဂူအတွင်း လက်ယာရစ်လှည့်လည် ကြည့်ရှုသည်။

ကပ်လှူပူဇော်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စေတီတော် ပရိဝုဏ်အတွင်းရှိ အောင်စကြာ မုနိ ရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား သွားရောက်ဖူးမြော်၍ စစ်တွေမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဆန်ကုန်သည်များအသင်းနှင့် ဆန်စက်လုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေတံဆိပ်ဆုရှင်

စက်တင်ဘာ ၆ရက်တွင် ကိုရီးယား သမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပခဲ့သော World Junior Championshipတိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသမီး ဝယ်လ်တာဝိတ်တန်း ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုရရှိခဲ့သော မြန်မာ့လက်ရွေးစင် မဆန်းငုဝါစူး (အား/ကာ သိပ္ပံ-ရန်ကုန်)အား တွေ့ရစဉ်။

(သတင်းဖော်ပြပြီး)

(သတင်းစဉ်)

ဆရာတော်ဦးသုမင်္ဂလ တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း တာမွေအဝိုင်းထိပ်အနီး အောင်ချမ်းသာအိမ်ရာ တိုက်အမှတ်(၉)တွင် တည်ရှိသော အောင်ချမ်းသာ သာသနာနုဂ္ဂဟ ဓမ္မာရုံတော်ကြီးတွင် ဝါတွင်းကာလသာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဥပုသ်နေ့တိုင်း မွန်းလွဲ ၂ နာရီတွင် သံဃာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားလျက်ရှိသည်။

စက်တင်ဘာ ၁၀ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ပါဠိဌာန နည်းပြ၊ အဆောင်မှူးဆရာတော် ဓမ္မာစရိယ သုံးဘွဲ့ရ ဦးသုမင်္ဂလ (တက္ကသီလာ ဓမ္မာစရိယ၊B.A, Buddhism၊ တက္ကသီလာ မဟာဓမ္မာစရိယ၊ M.A, Buddhism၊ သာသနဓဇဓမ္မာစရိယ) အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၈-၉-၂၀၀၅

ကိုကိုးကျွန်း	၃ ဒသမ ၁၅	လက်မ
ကသာ	၁ ဒသမ ၉၃	လက်မ
ပြင်ဦးလွင်	၁ ဒသမ ၆၅	လက်မ
ဘားအံ	၁ ဒသမ ၆၁	လက်မ
မြိတ်	၁ ဒသမ ၅၄	လက်မ
တောင်ကြီး	၁ ဒသမ ၃၀	လက်မ
ရမည်းသင်း	၀ ဒသမ ၇၉	လက်မ
ညောင်ဦး	၀ ဒသမ ၅၅	လက်မ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ်**
°-Micro Business.
(ပထမနှစ်-စီးပွားရေးပညာ)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " ကြော်ငြာချစ်သူ " (အပိုင်း-၁၅)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်ခါး" (အပိုင်း-၅)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၀၅ (သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ ပြည်တွင်းသတင်းအကျဉ်း
၇:၁၅ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုအားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (အမျိုးသားဘောလုံး)
၇:၅၀ တေးဂီတအစီအစဉ်
၇:၅၅ ယွန်းထည်အတတ်ပညာ
၈:၁၅ တေးဂီတအစီအစဉ်
၈:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၂၅ နိုင်ငံတကာပိုက်ကျော်ခြင်း ပြိုင်ပွဲ
၉:၀၅ တေးဂီတအစီအစဉ်
၉:၁၀ သစ်ဆိမ့်ဖူးစာ(သျှားညို၊ ခိုင်နှင်းဝေ)
၉:၂၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ မိုးလေဝသခန့်မှန်းချက်
၉:၃၀ အခြေခံဘော်လီဘော နည်းစနစ်များ အပိုင်း(၂)
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ ရေကြောင်းပညာ သိကောင်းစရာ(ဦးမျိုးမြတ်သူ၊ ဦးရွှေစိုး)
၁၀:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ အမှတ်(၃)သတ္တုတွင်း လုပ်ငန်း
၁၀:၅၀ တေးဂီတအစီအစဉ်
၁၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်
၁၀:၀၀ ပြန်လည်သုံးသပ်ချက် လိုင်း 5-Cartoons
၁၀:၃၀ Goals လိုင်း 5-Cartoons

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ"အားဆေး"များမှာ မြန်မာ နိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ	နိုင်ငံ
၁။	Panvid Tablet (Vitamin A,D,B1,B2 B6,C,Nicotinamide	Picco Pharma Co.,Ltd.	Thailand
၂။	Enervon C Tablet	Unilab Pharmaceuticals Co.,Ltd.	Thailand
၃။	Vivit Capsule (Vitamins & Minerals)	Patar Lab Ltd., Part	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြေမှာ စပါး၊ ရေမှာ ငါး၊ လယ်ယာ သားငါး ပြည့်စီးပွား

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စေတနာရှင် အလှူရှင်များ၏ သတ္တမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါန အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်သည့်လုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ စီမံချက်ရေးဆွဲဆောင်ရွက်နေ

စာကြည့်တိုက်များ ရေရှည်တည်တံ့တိုးတက်ရေး အလေးထားဆောင်ရွက်ထား

ရန်ကုန် စက်တင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက သတ္တမအကြိမ် သုတ၊ ရသ စာအုပ်များနှင့် စာပေဒါန အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး စေတနာရှင် အလှူရှင်များလှူဒါန်းသော စာအုပ်များနှင့် စာပေဒါနအလှူငွေများကို လက်ခံသည်။

တက်ရောက်

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပုဂ္ဂလိက စာပေတိုက်များ၊ စာပေဖြန့်ချိရေးလုပ်ငန်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် တစ်ဦးချင်းအလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခုအခမ်းအနားသို့ တက်ရောက်လာကြသော စေတနာရှင်များအား ပိုမိုစိတ်ကြည်နူးစေရန်နှင့် စေတနာသဒ္ဓါ ပွားများနိုင်စေရန် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားလိုကြောင်း။

ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်သည်နှင့်အညီ လူ့ဘောင်အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးကို နည်းပညာဖြင့်စေစားလုပ်ဆောင်နေကြကြောင်း၊ အနာဂတ်ကာလတွင်လည်း နည်းပညာကို ပိုမိုတိုးတက်အသုံးချ၍ ဆောင်ရွက်ကြဦးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးတို့အနေဖြင့် နည်းပညာဗဟုသုတ အားနည်းနေလျှင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျမည်ဖြစ်ပြီး အနာဂတ်တွင် မိမိတို့ နိုင်ငံနှင့်လူမျိုးအတွက် ခက်ခဲဆိုးရွားနစ်နာမှုများဖြင့် ကြုံတွေ့ကြရမည်ဖြစ်ကြောင်း၊ ပညာနှင့်နည်းပညာကို မြင့်မားစွာစေစားအသုံးပြုနိုင်သော နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည့် အခြေအနေမျိုးရှိနိုင်မည်မဟုတ်ကြောင်း။

လမ်းညွှန်ထား

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲလေ့လာသင်ယူနေသည့် လူ့ဘောင်(Life Long Learning Society) ဖြစ်အောင် တည်ဆောက်ကြရန်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူငယ်မှသည် လူကြီးအထိ အားလုံးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း။

ထို့အပြင် လက်တွေ့နယ်ပယ်တွင်လည်း လူငယ်လူရွယ်များမှသည် လူကြီးများအထိ ပြည်သူတစ်ရပ်လုံး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်မှ လိုအပ်သည့် အစီအမံများချမှတ်ပေးပြီး ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လူငယ်လူရွယ်များ၏ ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပညာရေးဝန်ကြီးဌာနက အဓိကတာဝန်ယူ၍ မိမိတို့၏ လူငယ်လူရွယ်များအတွက် ပညာရပ်နယ်ပယ်ကို အခြားသောဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများထက် နိမ့်ကျမှုမရှိအောင်၊ ကွာဟမှု မကြီးမားအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ ပညာရပ်နယ်ပယ်ကို အခြားဖွံ့ဖြိုးတိုးတက်သော နိုင်ငံများနှင့် တန်းတူရည်တူကျယ်ပြန့်အောင်၊ ဘာသာရပ်များ စုံလင်စွာသင်ကြားနိုင်အောင်၊ ဘာသာရပ်များအလိုက် ဘွဲ့ဒီဂရီများ ရယူနိုင်အောင် သင်ကြားပေးလျက်ရှိကြောင်း၊ တတ်မြောက်ကျွမ်းကျင်မှုအပိုင်းတွင်လည်း ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများထက် မနိမ့်ကျစေဘဲ တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်၊ ပညာရည်မြင့်မားရန် အခွင့်အလမ်းများပွင့်လင်းနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

သို့ရာတွင် ကျေးလက်နေပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဗဟုသုတမြင့်မားရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် အနည်းငယ်ခက်ခဲနေသည်ကိုတွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၄သန်းကျော်ရှိသည့်အနက် ၇၀ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြောင်း။

ယင်းကျေးလက်နေပြည်သူများသည် ပညာဗဟုသုတတိုးပွားစေရန် စာအုပ်စာတမ်းများနှင့် လက်လှမ်းမမီသကဲ့သို့ စာပေကိုဖတ်ရှုသည့် အလေ့အထလည်း နည်းပါးနေသေးသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

စာကြည့်တိုက်များတည်ထောင်

ထို့ကြောင့် မိမိတို့နိုင်ငံ၏ အများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ပညာဗဟုသုတအတွေ့အကြုံများ ပိုမိုရရှိလာရေးတို့အတွက် စာအုပ်စာတမ်းများ လက်လှမ်းမီဖတ်ရှုနိုင်အောင်နှင့် စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာသည့် အလေ့အထများ တိုးပွားလာအောင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ပေးသည့်လုပ်ငန်းကို ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံနှင့်လူမျိုးအတွက် အမှန်တကယ် လိုအပ်ချက်ဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးသည့်လုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ စီမံချက်များရေးဆွဲ၍ စီစဉ်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ကျော်ရှိကြောင်း၊ ယင်းတို့တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ရန် ၂၀၀၄–၂၀၀၅ခုနှစ်မှ ၂၀၀၅–၂၀၀၆ခုနှစ် အပြီးဆောင်ရွက်ရန် လျာထားသတ်မှတ်ခဲ့ရာ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ခုတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်နိုင်ခဲ့ကြောင်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဆက်လက်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၇ရက်အထိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၂၈၄၆၇ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၀၅–၂၀၀၆ ခုနှစ် ကျန်သောကာလအတွင်းတွင် ကျေးရွာပေါင်း ၃၀၀၀၀ ကျော်ခန့် ဆက်လက်၍ အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏အား၊ ကျေးလက်ဒေသခံပြည်သူများ၏ အားနှင့် စေတနာရှင်များ၏အားတို့ဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယင်းအားသုံးအားအနက် စေတနာရှင်များ၏အားမှာ အထူးအရေးပါပြီး ထိရောက်သောအားဖြစ်ကြောင်း။

စေတနာရှင်များ၏ စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်းမှုမှာ ယခုအကြိမ် အပါအဝင် သတ္တမအကြိမ်အထိရှိပြီဖြစ်ကြောင်း၊ စေတနာရှင်များ ဝမ်းမြောက်ဝမ်းသာရှိစေရန် ဆဋ္ဌမအကြိမ်အထိ လှူဒါန်းမှုများကိုတင်ပြရမည်ဆိုလျှင် ဆဋ္ဌမအကြိမ်အထိ စေတနာရှင် ၇၂၂ဦးတို့က စာအုပ် စာစောင်ပေါင်း ၅၂၁၄၅၂အုပ်၊ စာအုပ်စာစောင် တန်ဖိုးငွေခန့်မှန်းကျပ် သိန်းပေါင်း ၅၈၀ကျော်နှင့် ငွေသားအလှူငွေကျပ် ၃၁၂၃၃၅၀၀ နှင့် FEC ၅၀၀ ဖြစ်ပြီး စုစုပေါင်းငွေနှင့် စာအုပ်တန်ဖိုးငွေကျပ် ၈၉၂သိန်းကျော်နှင့် FEC ၅၀၀ ဖြစ်ကြောင်း။

အောင်မြင်မည်ယုံကြည်

ဆက်လက်ထူထောင်မည့် စာကြည့်တိုက်များကိုလည်း အထက်ကတင်ပြခဲ့သည့် အားသုံးအားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ မိမိတို့ရည်မှန်းထားသည့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်မည့် လုပ်ငန်းအောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ ယင်းအားသုံးအားဖြင့် စာကြည့်တိုက်များ ဖွင့်လှစ်ရေးသာမက နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကြီးများကိုပင် အောင်မြင်အောင် ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း။

စေတနာရှင်များအနေဖြင့် မိမိတို့လှူဒါန်းသော စာအုပ်စာစောင်နှင့် အလှူငွေတို့ဖြင့် ထူထောင်သည့် ကျေးရွာကိုယ့်အားကိုယ့်ကိုး စာကြည့်တိုက်များသည် ရေရှည်တည်တံ့နိုင်မှုရှိမရှိ၊ ကျေးလက်ပြည်သူများအတွက် အမှန်တကယ် အကျိုးပြုနိုင်ခြင်းရှိမရှိ သံသယစိတ်မရှိကြရန်နှင့် ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် အမှန်တကယ် Function ဖြစ်ပြီး တိုးတက်ရေးတို့အတွက် မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ထားပါကြောင်းကို ပြောကြားလိုကြောင်း။

လမ်းညွှန်မိန့်ကြား

ဤနေရာ၌ အလျဉ်းသင့်သဖြင့် အသိပေးလိုသည်မှာ မိမိတို့ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက တကယ်လိုအပ်သောလုပ်ငန်းဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန်၊ ထိုလုပ်ငန်းကို အခြားသောဝန်ကြီးဌာနများကလည်း **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❐

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စေတနာရှင် အလှူရှင်များလှူဒါန်းသော သုတ၊ ရသစာအုပ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၁၂ မှ
ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်နှင့် ထူထောင်ပြီးသောစာကြည့်တိုက်များ ရေရှည်တည်တံ့အောင် လိုအပ်သည်များကို စဉ်းစားဆောင်ရွက်သွားရန် လမ်းညွှန် မိန့်ကြားခဲ့ကြောင်း။

ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ အမြော် အမြင်ကြီးမားသော လမ်းညွှန်မိန့်ကြားချက်အတိုင်း ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်များကို စတင်ထူထောင်သည်နှင့်တစ်ပြိုင်နက်တည်း တစ်ဖက်က လည်း ထူထောင်ပြီးသည့် စာကြည့်တိုက်များ ရေရှည်တွင် အမှန်တကယ် Functionဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင်လိုအပ်သောအစီအမံများကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင်ကျန်ရှိနေသေးသောကျေးရွာပေါင်း ၃၀၀၀၀ကျော်ကို နိုင်ငံတော် ၏အား၊ ဒေသခံ ပြည်သူများ၏အားနှင့် စေတနာရှင်ပြည်သူများ၏အားတို့ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာစေတနာရှင်ပြည်သူများအနေဖြင့် ဆက်လက် ပါဝင်လှူဒါန်းပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်းနှင့် ယခု သတ္တမ အကြိမ်မြောက် လှူဒါန်းမှုအတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စေတနာ ရှင် အလှူရှင်များ ဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ဂျာနယ်စောင်ရေ ၃၀၀နှင့် မဂ္ဂဇင်း ၁၄၅အုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှ မေမြန်မာဂျာနယ် ၂၀၆၇စောင်နှင့် စာအုပ်စာစောင် ၅၀၀၊ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက မဂ္ဂဇင်း၊ ဂျာနယ်စုံနှင့် ဝတ္ထု ၃၃၆အုပ်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ပညာပေး စာအုပ်နှင့်လက်ကမ်းစာစောင် အစောင် ၉၇၄၀၀၀၊ မြန်မာ့သိပ္ပံနှင့်နည်းပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ထွဋ်က သုတ၊ ရသ စာအုပ်မျိုးစုံ ၃၅၅အုပ်၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌဦးအောင်ကိုဝင်းကငွေကျပ်သိန်း ၃၀၊ ရွှေဝါမြေစိုက်ပျိုး ထုတ်လုပ်ရေးကုမ္ပဏီမှ ဦးဝင်းမြင့်က ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ညောင်ထောက်ကျေးရွာအတွက် စာကြည့်တိုက်အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာတမ်းအပါအဝင် ငွေကျပ် ၂၅သိန်း တန်ဖိုးရှိ စာကြည့် တိုက်တစ်ခု၊ ဒိုင်းမွန်းစတား ကုမ္ပဏီမှ ဦးစိန်မြင့်၊ ဇနီး ဒေါ်စန်းကြူ သား

ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ် နိုင်ရေးအတွက် စေတနာရှင်အလှူရှင်များက သတ္တမအကြိမ် သုတ၊ရသစာအုပ် များနှင့် စာပေဒါနအလှူငွေ ပေးအပ်လှူဒါန်းပွဲတွင်အလှူရှင်တစ်ဦး၏ လှူဒါန်းငွေ များကိုလက်ခံစဉ်။ (သတင်းစဉ်)

ဒေါက်တာကိုကိုကြီးတို့က စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် စွယ်ကွေ့ကျေးရွာအုပ်စု အတွက် စာကြည့်တိုက် အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာတမ်း အပါအဝင် ငွေကျပ် ၂၅သိန်း တန်ဖိုးရှိ စာကြည့်တိုက် တစ်ခု၊ Inya Trading Co., Ltd. မှ ဦးကျော်ကျော်က ငွေကျပ် ၁၂သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များဖြစ်ကြသောမောင်ဝိတ် (Mg Weik Family)၊ ဦးသန့်ဇင်သောင်း (အောင်သောင်း ရန်ကုန် ထရန်စဖော်မာ ကုမ္ပဏီလီမိတက်)၊ MR. H.S YOON (Myanmar Hyo Sung Co.)၊ ဦးကြည်အောင် (City Hospital Mandalay)၊ ဦးဇော်ဇော် (Max Myanmar Co.)၊ ဦးနေဝင်းထွန်း(ပတ္တမြားနဂါးကုမ္ပဏီ)တို့က ငွေကျပ် ၁၀သိန်းစီကို လည်းကောင်း၊ဦးစိုင်းမျိုးဝင်း (မြန်မာအားမာန်ကုမ္ပဏီ)က ဂျာနယ်စုံ အစောင် ၉၀နှင့် ငွေကျပ်ခြောက်သိန်း၊ ဦးကျော်ဝင်း(K.B ပဲသန့်စင်စက်)က ငွေကျပ် ၅၅၅၀၀၀၊ဦးကိုကိုထွေး(တော်ဝင်မိသားစု)၊ ဦးငြိမ်း-ဒေါ်အုန်းကျင် (OKဆန်ပွဲရုံ)၊ ဦးသိန်းလှိုင် (ရွှေရည်ဝင်း(၉)ကုမ္ပဏီလီမိတက်)၊ ဦးထွန်းအောင် (Gen Secon Trading Co.)၊ ဦးလှဦး (Good Brother Co.)၊ဦးသက်အောင် (Winner Brother Co., Ltd)၊ ဦးမောင်မောင်ဦး(Shwe Super Light Co.,Ltd)၊ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့်(STAR TV စက်ရုံ)တို့က ငွေကျပ်ငါးသိန်းစီကိုလည်းကောင်း၊ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့် (STAR TV စက်ရုံ)က မဂ္ဂဇင်း ၃၆၁အုပ်နှင့် ဂျာနယ်အစောင် ၇၅၀၊ ဦးဇေယျာသူရမွန် (Gungal and Fresh Air Con Co.,)က ငွေကျပ်လေးသိန်း၊ ဦးစိုးစိုး-ဒေါ်သီဂီဝင်း (Trinity System & Supply)၊ ဒေါ်နန်းမြဟန်တို့က ငွေကျပ်သုံးသိန်းစီကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စေတနာရှင် အလှူရှင်များဖြစ်ကြသော ဦးစိုင်းစိုးလွင် (ဟိန်းစိုးကုမ္ပဏီလီမိတက်)၊ ဦးစိန်ဝမ်းနှင့် ဒေါ်မဋ္ဌူထွန်း (Myanmar Lighting Co.,)၊ ပြည့်စုံဝင်းနိုင်ကုမ္ပဏီ၊ ဦးစိုင်းလုံ(ရတနာစည် ကုမ္ပဏီ)တို့က ငွေကျပ်သုံးသိန်းစီကို လည်းကောင်း၊ ဦးစိုးဝင်း(စံအိမ်နီကုမ္ပဏီ)၊ ဦးလှိုင်စိုး (ရတနာကျော်ကုမ္ပဏီ)၊ ဦးအုန်းကျော်(ဥက္ကဋ္ဌ မြန်မာနိုင်ငံဂီတအစည်းအရုံး)၊ ဦးအောင်လွင် (သစ်လုပ်ငန်းရှင်များအသင်း)၊ ဦးသန့်ငွေ(နီကွန်ကင်မရာ မြန်မာ ကိုယ်စားလှယ်)၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဦးမြင့်လွင် (Efficient Construction & Engineering Group)၊ဦးအောင်သန်းဦး (ကုန်သည်ကြီးများအသင်း)၊ ဆိုဒ်တီးဟုမ်း၊ဒေါ်ချိုချို(ချိုဇော်ကုမ္ပဏီ)၊ ဦးအောင် သန်းဦး(Nine See Co.,)၊ ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီ)တို့က ငွေကျပ် နှစ်သိန်းစီနှင့် ဦးအုန်းမြင့် (Civil TECH Co.,)က ဂျာနယ်စောင်ရေ ၃၅၀နှင့် ငွေကျပ်နှစ်သိန်းတို့ကို လည်းကောင်း၊ ဦးကြီးစိန်(ရွှေသဇင် ကုမ္ပဏီ)၊ ဦးစိန်သန်း (ဖူဂျီ)တို့က ငွေကျပ် ၁၅၀၀၀၀စီကိုလည်းကောင်း၊ မြန်မာနိုင်ငံပဲနှမ်းကုန်သည် များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန် သည်များအသင်း၊ Golden Flower Co.၊ဦးမျိုးဆွေ (Friend Eledan)၊ဦးဝင်း အောင် (Myanmar King First Co., Ltd)၊ဦးတင်မောင်ဝင်း(ရွှေနေခြည် ကုမ္ပဏီ)၊ ဦးအောင်ချို(သစ်ဆန်းကုမ္ပဏီလီမိတက်)၊ ဦးလင်းထွန်း (C.MELCHERS G.M.B.H & Co., Ltd)၊ ဦးဇင်ဝင်း(Myanmar Disco Food Industry)၊ ဦးမျိုးဦး(ဦးကြူမိသားစု ဂျုံစက်)၊ ဒေါ်ချိုချိုအောင် (T.M.W Enterprise)၊ဦးသန်းဦး (ဥက္ကဋ္ဌ ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း)၊ဒုတိယဗိုလ်မှူးကြီးဇော်ဝိတ် (ငြိမ်း) (OK Myanmar Co.)၊ ဦးမင်းဟန် (Golden Hawk Co.)တို့က ငွေကျပ်တစ်သိန်းစီ နှင့် ဦးတင်ဝင်းသျှင်၊ ဇနီးဒေါ်ခင်လေးသိမ့်၊ သမီးကြည်ဖြူသျှင် တို့က ငွေကျပ်တစ်သိန်းနှင့် စာအုပ်မျိုးစုံ ၅၀၀တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ ဦးအုန်းလွင် (Toyo Battery)၊ ဦးမိုးယုဝင်း(IPMM Co., Ltd)၊ ဦးလှမြင့်(P.M.G. Co. ရွှေပြည်သာစက်မှုဇုန်)၊ ဗိုလ်မှူးမြသန်းစံ(ငြိမ်း) (အပ္ပမာဒ စာပေ)၊ ဒေါ်အေးအေးဟန် (ရွှေရည်စံပယ်)၊ ဦးသိန်း(တိုကျို ပိုက်)၊ ဦးဇော်မိုးမြင့်(The Red Stone)တို့က ငွေကျပ် ၅၀၀၀၀စီနှင့် ဦးဇော်လင်းအောင်(မိုးကျော်စာပေ) က သုတ၊ ရသစာအုပ် ၁၈၈အုပ်နှင့် ငွေကျပ် ၅၀၀၀၀၊ ဦးကောင်းသန့် (ကောင်းသန့်စာပေ)က မဂ္ဂဇင်း၂၀၁၈အုပ်နှင့် ငွေကျပ်၅၀၀၀၀ တို့ကို လည်းကောင်း၊ ယဉ်မာမြတ်နိုး ကုမ္ပဏီလီမိတက်မှ ဒေါက်တာမြတ်နိုး-ဒေါ်ယဉ်မာဦးတို့က ငွေကျပ် ၂၅၀၀၀၊ ဒေါက်တာထွန်းအောင်ကျော်- ဒေါက်တာခင်လှမေ (ဓီးအုံ ကုန်းလမ်း အင်းစိန်)က မဂ္ဂဇင်းဂျာနယ်စုံ ၁၉၃အုပ်နှင့် ငွေကျပ် ၂၀၀၀၀၊ဦးအေးကြိုင်-ဒေါ်ရီရီမြင့်မိသားစု (ခွန်နီလမ်း ၂၉-ရပ်ကွက်သုဝဏ္ဏ)က မဂ္ဂဇင်း၊ဂျာနယ်၊ စာစောင် ၄၄၂အုပ် နှင့် ငွေကျပ် ၁၀၀၀၀၊ ဒေါက်တာမိမိကို (ဓိဝကမဂ္ဂဇင်း တိုက်)က သုတ၊ ရသစာအုပ် ၂၇၁၃အုပ်၊ဦးမြင့်ထွန်း-ဒေါ်ခင်မာရွှေ(Quality Publishing House)ကသည်းထိတ် ရင်ဖိုမဂ္ဂဇင်း ၁၃၅၀၊ ဦးစိုးမိုးသန်း (ဒါရိုက်တာ MMRD Publication) က ရန်ကုန်လမ်းညွှန်စာအုပ် ၃၅၀၊ ဦးမောင်မောင်မြင့်အေး (လာဘ်မိုးဆွေစာပေ)က မေ့လို့မရတဲ့မိန်းမများဝတ္ထု အုပ် ၃၅၀၊ဂျပန်နိုင်ငံသံရုံးက Japanese Lifestyle စာအုပ် ၁၀၀၀၊ဒေါ်စုသာနိုင် (Paradise General Trading Co., Ltd)က မဂ္ဂဇင်းနှင့်ဂျာနယ်စုံ ၄၈၂အုပ်တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဦးစည်သူ(သုခချမ်းသာ တိုင်းရင်းဆေးအထူးကုဆေးခန်း)က မဂ္ဂဇင်းနှင့် ဂျာနယ်စုံ ၂၉၃၃အုပ်၊ ဦးသောင်း လွင်-ဒေါ်ဌေးဌေးအောင် မိသားစု(ဗြဟ္မစိုရ်လမ်း ၅-ရပ်ကွက် တောင်ဥက္ကလာပ)က ပရမတ္ထအလင်းပြ သံပေါက်အဖြေကျမ်းစာအုပ် ၁၀၀၊ဦးကျော်ကျော်လတ် (ဦးထွန်း လင်းခြံလမ်းကမာရွတ်)က သုတဂျာနယ်စုံ အုပ် ၇၈၀၊ ဦးသစ်လွင် (မောင်သစ်လွင်) (ကလောင်သစ်မဂ္ဂဇင်း)ကသုတ၊ ရသစာအုပ် ၁၄၅အုပ်၊ ဦးတင်ဝင်း-ဒေါ်သန်း သန်းဝင်း (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)က မဂ္ဂဇင်းမျိုးစုံ ၇၇၇အုပ်၊ ဦးသန်းနိုင် (မြတ်သူစံ-ဝါးခယ်မ)-မကြည်ပြာ(ပူတူတူးလေးစာအုပ်တိုက်)က ပူတူတူး လေးဂျာနယ် ၁၅၀၊ ဦးကိုကိုလေး(ရုပ်ရှင် အစည်းအရုံး) က ဂျာနယ်စုံ ၁၂၀၀၊ ဦးကျော်ကိုကို (MEGA Co., Ltd) ကမဂ္ဂဇင်းနှင့် ဂျာနယ်စုံအုပ် ၁၀၇၀၊ ဦးဝင်းမြင့်-ဒေါ်ဘေဘီ (ကမ်းနားလမ်းနှင့် ၁၅-လမ်းထောင့် လမ်းမတော်)က သုတ၊ ရသ စာအုပ်မျိုးစုံ ၁၀၂၆အုပ်၊ ကိုတင်ထွန်းနိုင်(ဆေးတက္ကသိုလ်(၁)-ရန်ကုန်)က မဂ္ဂဇင်းနှင့်ဂျာနယ်စုံ ၅၁၈အုပ်၊ ဦးသိန်းဟန်-ဒေါ်တင်တင်အေး မိသားစု (ရွှေတိဂုံဘုရားလမ်း လသာ)က မဂ္ဂဇင်းနှင့် ဂျာနယ်စုံအုပ် ၅၀၀၊ ဖဒိုဦးအုန်းသွင်က မဂ္ဂဇင်းစုံအုပ် ၄၀၀၊ ဦးကောင်းစံ (Alcon Myanmar Country Manager)က မျက်စိရောဂါ သိမှတ်စရာစာအုပ် ၅၀၊ ဦးဖေမြင့်ဦး (Comet Photo Service) က ဂျာနယ်စုံ ၃၃၆အုပ်၊ ဦးလှကျော် (လမ်း ၄၀)က သုတ၊ ရသစာအုပ်၃၂အုပ်၊ ဦးဇာနည်(ဗိုလ်ရွဲလမ်း လသာ)က စက်မှုဖွံ့ဖြိုး တိုးတက်ရေးဂျာနယ် အစောင် ၃၀၀၊ ဦးသက်နိုင်ထွန်း- ဒေါက်တာမြမြအေးက ဂျာနယ်စုံ ၃၀၀၊ Lucky Bird Co., Ltdက မဂ္ဂဇင်းနှင့် ဂျာနယ်စုံ ၂၅၅အုပ်၊ ဦးစိုးမြင့်- ဒေါ်ဌေးဌေးမြင့်(ရင်သွေးငယ်စာပေ) က ရင်သွေးငယ်စာအုပ် ၅၀၊ ဦးကျော်လှိုင် (ဆင်ဖြူကျွန်း ကျော်လှိုင်ဦး)- ဒေါ်သန်းသန်းဝင်း၊ သမီး ဥမ္မာလှိုင် (၄လမ်း ၁၅ရပ်ကွက် တောင်ဥက္ကလာပ) က သုတ၊ ရသစာအုပ် ၂၅၁အုပ်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက်စေတနာရှင်အလှူရှင်များဖြစ်ကြသော ဦးဝင်းမြင့်(ဝင်းမြင့် ကုမ္ပဏီ)က သုတစာအုပ်မျိုးစုံ ၁၁၈အုပ်၊ ဒေါ်မြင့်မြင့်ကြည် (ဒု-ဦးစီးမှူး) ရည်ညွှန်းစာကြည့်တိုက်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)က စာကြည့်တိုက်နှင့် သုတပညာမဂ္ဂဇင်းအုပ်၂၀၊ ဦးအုန်းမြင့်(မဟော်လမ်း)၊ စက်ဆန်း ရပ်ကွက် ကြည့်မြင်တိုင်) က သုတဂျာနယ်စုံ ၉၆အုပ်၊ ဦးသိန်းဟန်က သုတ၊ ရသစာအုပ် ၁၀၀ ၊ ဦးကြည်ဝင်း-ဒေါ်တင်တင်စိန်(ရေကြောင်းမှူးကြီးရိပ်သာ) က ဂျာနယ်စုံအစောင် ၃၀၀၊ ဒေါ်ခင်မေသက် မိသားစု(လိပ်ကန်လမ်း ရေကျော်) က ဘာသာရေးစာအုပ်မျိုးစုံ ၅၁အုပ်၊ ဦးကျော်စိုး(ယုဇနဥယျာဉ် ဒဂုံဆိပ်ကမ်းမြို့နယ်) က ဂျာနယ်မျိုးစုံ ၈၃စောင်နှင့် ငွေကျပ် ၅၀၀၀၊ ဦးမြင့်သိန်း(အထက-၁-ဒဂုံ)က ငွေကျပ် ၅၀၀၀ ၊ဒေါ်မိုးဖြူပြာအောင် က သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့် မြန်မာ့ ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးဘိုကြည်တို့က လက်ခံယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယမန်နေ့ကကျင်းပသည့်ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင်အလှူရှင်များက သတ္တမအကြိမ် သုတ၊ ရသစာအုပ်များနှင့် စာပေဒါန ငွေလှူဒါန်းပွဲအခမ်းအနားတွင် စာပေဒါန ငွေအလှူရှင် ၇၁ဦး တို့က ငွေသားကျပ် ၂၂၆၂၀၀၀၀၊ ငွေသား၊ စာအုပ်စာစောင်၊ အဆောက်အအုံ၊ ပရိဘောဂ အပြည့်အစုံ ပါဝင်သောစာကြည့်တိုက်နှစ်ခု ထူထောင်ရန် အလှူရှင်နှစ်ဦး တို့က ငွေသားကျပ် ၅၀၀၀၀၀၀၊ စာအုပ်စာစောင်အလှူရှင် ၄၀တို့က ခန့်မှန်း ငွေကျပ် ၃၂၉၈၁၁၅၀ တန်ဖိုးရှိသော စာအုပ်စာစောင် ၉၉၉၅၈၁ အုပ် အပါအဝင် လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၆၀၆၀၁၁၅၀ ဖြစ်သည်။ (သတင်းစဉ်)

စာပေဒါန

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များ ဖွင့်လှစ်နိုင်ရေးအတွက် စေတနာ ရှင် အလှူရှင်များက သတ္တမအကြိမ် သုတ၊ ရသ စာအုပ်များနှင့်စာပေဒါန အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူ ရှင် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင် ကိုဝင်းထံမှ လှူဒါန်းသော ငွေကျပ် သိန်း ၃၀ကို လက်ခံစဉ်။

(သတင်းစဉ်)

ရေဝတီနှင့်ချင်းတွင်းမြစ်ရေ သတိပေးကြေညာ

ရန်ကုန် စက်တင်ဘာ ၈

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ ၉၀စင်တီမီတာ(သုံးပေခန့်)လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ၃၀စင်တီမီတာ(တစ်ပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့၌ ၁၂၀စင်တီ မီတာ(လေးပေခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့၌ ၆၀စင်တီမီတာ (နှစ်ပေခန့်)လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝ မြို့နှင့် မုံရွာမြို့တို့၌ ၆၀စင်တီမီတာ(နှစ်ပေခန့်)လက်ရှိရေမှတ်များအောက် ကျဆင်း နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့သတိပေး ကြေညာထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်

ရန်ကုန် စက်တင်ဘာ ၈

လွန်ခဲ့သော၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာ နိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းတွင်နေရာကွက်၍မိုးကြီးခဲ့သည်။

ယနေ့နံနက်မြန်မာ့စံတော်ချိန်ဝ၆း၃၀နာရီအချိန်တိုင်းထွာချက်များအရ ယမန်နေ့ကဖြစ်ပေါ်ခဲ့သောလေဖိအားနည်းရပ်ဝန်းသည်ဘင်္ဂလားပင်လယ်အော် တောင်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော် တွင် မုတ်သုံလေ အားအနည်းငယ်သာရှိသည်။

စက်တင်ဘာ၉ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယား ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့်မကွေးတိုင်းတို့တွင် နေရာ ကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာ အနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းတွင်နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများ တွင်ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်။

(9-9)internet.P65 13 8/09/2005, 11:55 PM

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စက်တင်ဘာ ၈ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမရရှိသော ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မကြည်ဖြူဇေယျာအား ဆုချီးမြှင့်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ယခုအခါ နိုင်ငံ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများသည် များစွာ ပြောင်းလဲနေ၊ ပညာသင်ယူမှုသည် စာသင်ခန်း၌ပင် ကန့်သတ် တုပ်နှောင်မနေတော့ဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပါ တစ်သားတည်း ဆက်စပ်ဖြစ်ထွန်း နေသည်ကို တွေ့မြင်ကြရ။

အားကစားအဆင့်အတန်း မြင့်မားမှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင် အားကစားအောင်မြင်မှုသည် နိုင်ငံသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို လှစ်ဟပြနိုင် မျိုးချစ်စိတ်ဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် ကြိုးစား

ရန်ကုန် စက်တင်ဘာ ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပသော ၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (ဝဲပုံနှင့်အောက်ပုံ)

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဘောလုံးအားကစား ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❁